ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်၊ သောကြာနေ့၊ (3-4-2015) (စာ၁၆၄)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

“ ခက်ခဲတဲ့အကျပ်အတည်းတွေကို ကျော်လွှားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးတည်တဲ့ ငြိမ်းချမ်းရေး လမ်းကြောင်းကြီးကို ဖွင့်လှစ်နိုင်ပြီ ”

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

စာမျက်နှာ - ၃

ဝိုင်းဝန်းထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေ

စာမျက်နှာ - ၂

အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ကျောင်းသားလူငယ်များတောင်းဆိုသည့် အချက် (၁၁)ချက် ပါဝင်

စာမျက်နှာ - ၇

Myanmar Software Showcase 2015 ဖွင့်ပွဲကျင်းပ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Myanmar Software Showcase 2015 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။*(သတင်း စာမျက်နှာ - ၄)*

(သတင်းစဉ်)

ကြေးမုံ စာတည်းရှေ့ဆောင် ၃-၄-၂၀၁၅ (သောကြာနေ့)

ဝိုင်းဝန်းထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေ

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ နိုင်ငံတစ်ဝန်းနေရာတိုင်းတွင် ရှေးဟောင်းအမွေအနှစ် တစ်မျိုးမဟုတ် တစ်မျိုး ရှိတတ်သည်။ အထူးသဖြင့် သာသနာထွန်းကားသောနိုင်ငံဖြစ်၍ ရှေးဟောင်း ဘာသာရေးဆိုင်ရာ အမှတ်အသားပစ္စည်းများ ရှိတတ်သည်။ နှစ်တစ်ရာအထက် အဆောက်အအုံများ၊ ပစ္စည်းများကို တွေ့ရတတ်သည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော ရှေးအကျဆုံး ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသများမှာ ပုဂံ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ တကောင်း၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ စသည့် ခေတ်ဟောင်းမြို့ပြနိုင်ငံများ ဖြစ်သည်။ ထိုမြို့ပြနိုင်ငံများ၏ တည်နေရာနှင့် အမှတ်အသားများမှာ ယနေ့ထက်တိုင် တည်ရှိနေဆဲဖြစ်သည်ကို မြင်တွေ့နေရသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားအားလုံးတွင် တာဝန်ရှိသကဲ့သို့ အဆိုပါ ဒေသတွင် နေထိုင်ကြသော ဒေသခံပြည်သူများကလည်း ပိုမိုဂရုပြု အလေးထားစောင့်ရှောက်ရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ယဉ်ကျေးမှု အမွေအနှစ်များကို အလေးဂရုပြုစောင့်ရှောက်တတ်စေရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုး၊ ယဉ်ကျေးမှုအမွေအနှစ်ကြောင့် ရရှိမည့် ဂုဏ်ဒြပ်၊ သမိုင်းအမွေအနှစ်၏ အဖိုးထိုက်တန်ပုံများကို သိရှိနားလည်အောင် အသိအမြင် ဗဟုသုတများ ပေးဝေထားရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ထိုသို့ အသိအမြင်များရှိကြရမည်ဖြစ်သလို ဒေသတာဝန်ရှိသူများ၊ လုပ်ငန်းလုပ်ကိုင်သူများ၊ စီးပွားရှာဖွေသူများအနေဖြင့်လည်း ယဉ်ကျေးမှုတန်ဖိုးကို အထူးသတိထားရမည်ဖြစ်သည်။ ယခုအခါ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ရှေးဟောင်းမြို့ကြီး သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်ရောက်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာတွင် မြန်မာဟု ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။ ဆက်လက်၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ယူနက်စကိုနှင့် နိုင်ငံတကာတို့ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

သို့သော် ယဉ်ကျေးမှုအမွေအနှစ်ပုံရိပ်များကို ထိခိုက်စေသော လုပ်ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နေရ၍ သတိထားဆင်ခြင်ကြဖို့ လိုအပ်ပါသည်။ သာဓကအားဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်ဝင်ဖြစ်ရေး ဆောင်ရွက်ရာတွင် မြို့ပြဧရိယာများတိုးချဲ့ခြင်း၊ ခရီးသွားနှင့်တည်းခိုမှု အဆောက်အအုံများတိုးချဲ့ခြင်း စသည့်စိန်ခေါ်မှုများ ကြုံတွေ့လာရသည်။ ယင်းဆောင်ရွက်ချက်များအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မဆောင်ရွက်မီကတည်းက ယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်မှုမရှိအောင် ထည့်သွင်းစဉ်းစားသင့်သည်။

ထို့အပြင် ယဉ်ကျေးမှုဇုန်အတွင်းရှိ ရှေးဟောင်းအဆောက်အအုံ ဧရိယာအတွင်း အုတ်ဖုတ်လုပ်ငန်းများပြုလုပ်နေခြင်းသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးအတွက် အဟန့်အတားများဖြစ်လာသည်။ အုတ်ဖုတ်လုပ်ငန်းကြောင့် ယဉ်ကျေးမှုမြေများ ပျက်စီးစေနိုင်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မူလမြေမျက်နှာသွင်ပြင် ပျက်စီးစေနိုင်သည့် ရွှေကျင်ခြင်း၊ အုတ်စိမ်းရိုက်ခြင်း၊ အုတ်ဖုတ်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အမှိုက်များစုပုံစွန့်ပစ်ခြင်း၊ သဘာဝကုန်းကမူများနှင့် တောင်ကုန်းများဖြိုဖျက်ခြင်း၊ မြေညှိခြင်းနှင့် ရေစီးရေလာပိတ်ဆို့တားဆီးခြင်း၊ ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို့၊ ချိုင့်များ၊ မြေဖို့ခြင်းတို့ကို မပြုလုပ်ရန်လိုအပ်ပေသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာကသာမက ကမ္ဘာကပါ စိတ်ဝင်တစားစောင့်ကြည့်နေသဖြင့် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို နှိုးဆော်အသိပေးရုံမျှဖြင့် မလုံလောက်တော့ချေ။ အားလုံးအသိတရားရှိရှိ ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။ ဌာနတစ်ခုတည်းက ဆောင်ရွက်နေရုံဖြင့် မပြီးဘဲ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနသည် အာဏာပိုင်အဖွဲ့အစည်းမဟုတ်သဖြင့် အချို့ကိစ္စရပ်များတွင် ဥပဒေဖြင့် ထိရောက်စွာ ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ ယဉ်ကျေးမှုအမွေအနှစ်များ ထာဝရတည်တံ့၍ ကမ္ဘာတွင် မြန်မာဟု ဝင့်ကြွားထင်ရှားစွာ ရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။ ။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဖူးမြော်ကြည်ညိုဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးညှော်သည် တည်းခိုဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ သွားရောက်၍ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ရင်ပြင်တော်ပေါ်ရှိ အလှူခံဌာနများ၊ ရွှေသက်နန်းအရောင်းဌာန၊ မုဆိုးတောင်စေတီ၊ စားသောက်ဆိုင်များ၊ စျေးဆိုင်တန်းများ၊ ဘုရားဖူးညှော်သည် တည်းခိုဆောင်များ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်လွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စေတီတော်ရင်ပြင် ဂေါပကရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ စျေးဆိုင်ခန်းပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပရာ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သာမက ကမ္ဘာတွင်ပါ သမိုင်းဝင်ထင်ရှားကျော်ကြားသော စေတီတော်တစ်ဆူဖြစ်ကြောင်း၊ ပြည်တွင်းဘုရားဖူးများသာမက ပြည်ပဘုရားဖူးများ အများအပြားလာရောက်ဖူးမြော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့်ဖူးမြော်နိုင်ရေး အလေးထားစီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဘုရားဖူးသံယာတော်များ သီးသန့်တည်းခိုသီတင်းသုံးနိုင်ရန်အတွက် နေရာများ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဘုရားဖူးသံယာတော်များအား အသိပေးလျှောက်ထားရန်လိုအပ်ကြောင်း၊ ဘုရားဖူးများအတွက် အခမဲ့တည်းခိုဆောင်များဖြစ်သော ဆီမီးကိုးထောင်ဓမ္မာရုံနှင့် ပြည့်စုံဓမ္မာရုံများကို ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာတည်းခိုနိုင်ရေး အသေးစိတ်ပြန်လည်ပြင်ဆင်မွမ်းမံသွားရန်လိုကြောင်း၊ ၎င်းအပြင် စျေးဆိုင်ခန်းများ သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာရေးအခါအားလျော်စွာ ညှိနှိုင်းဆွေးနွေးသွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများအလိုက် မီးဘေးလုံခြုံရေးအတွက် မီးကြိုးများကို မကြာခဏစစ်ဆေးသွားရန်နှင့် မီးသတ်ဆေးဘူးများကိုလည်း လျင်လျင်မြန်မြန်အသုံးပြုတတ်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ဘုရားဖူးများ၏အသံကို အစဉ်တစိုက်နားထောင်၍ ပြုပြင်သင့်သည်များကို ပေါင်းစပ်ညှိနှိုင်းပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်နှင့် ပြည်တွင်းပြည်ပဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုံခြုံရေးအဖွဲ့များက အပြည့်အဝစီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်	ရွှေဈေး	၆၈၂၈၀၀	- ၆၈၃၈၀၀
မန္တလေး	ရွှေဈေး	၆၈၂၈၀၀	- ၆၈၃၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၆၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၈၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၆၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၈.၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၀၅.၃
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၅.၈၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁.၆၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၇၉.၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆.၅၃
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၅.၄၁
(ဇ)	တောင်ကိုရီယား	တစ်ရာဝမ်	= ၉၃.၄၆၃
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၇၇၉.၆၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၃.၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပဟိုတဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကမာဆွဲ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းဆောင်သစ် လျှုဒါန်း

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အလှူရှင်များ စုပေါင်းလျှုဒါန်းသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းဆောင်သစ် ရေစက်ချအခမ်းအနားကို ယင်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က လျှုဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။ ယင်းနောက် ဆရာတော်ထံသက်နန်းပရိကၠရာအစုံ ၃၀ နှင့်ကျောင်းဝတ်စုံ ၁၂၆ စုံတို့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့က ဆက်ကပ်လျှုဒါန်းကြသည်။

အဆိုပါ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းဆောင် ဆောက်လုပ်နိုင်ရေးအတွက် ဗိုလ်ချုပ်ဌေးဦး(ဒြိမ်း)-ဒေါ်နီနီဝင်း မိသားစုက ကျပ် ၁၂၅ သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကျပ် ၇၅ သိန်း၊ နာယက မျိုးဖြစ်သော ဒေါ်နီနီဝင်းက ကျပ် ၂၄ သိန်း၊ ဒေါ်မြသိဂီက ကျပ် ၁၀ သိန်း၊ ဒေါ်ခင်မိမိက ကျပ် သုံးသိန်း၊ ဒေါ်ကျင်ခိုင်က ကျပ် နှစ်သိန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ကျပ် ၁၀ သိန်း လျှုဒါန်းခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို အကျိုးဆောင် ဥက္ကဋ္ဌ ဦးလှရွှေကပေးအပ်သည်။

အဆိုပါ ကမာဆွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းဆောင်သစ်အတွက် ကျပ်သိန်း ၂၅၀၊ ကျောင်းဝတ်စုံနှင့် လျှုဖွယ်ပစ္စည်းအတွက် ကျပ် ၂၅ သိန်း စုစုပေါင်း ကျပ် ၂၇၅ သိန်းကို လျှုဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်တော့မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

(၃-၄-၂၀၁၅)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း မတ်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

လွန်ခဲ့တဲ့ လေးနှစ်တာကာလကို ပြန်ပြောင်းကြည့်ရှုတဲ့အခါ နိုင်ငံရေးဖြစ်ထွန်းမှုများထဲမှာ အဓိကကျတဲ့ ဖြစ်ထွန်းမှုကတော့ ပြည်သူလူထုအနေနဲ့ နိုင်ငံရေးမှာ ပါဝင်ခွင့်ရခြင်းဆိုတဲ့ ပကတိအခြေအနေပဲဖြစ်ပါတယ်။ ဒီလို အခြေအနေကို ရောက်ရှိဖို့အတွက် ကျွန်တော်တို့အားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုတွေနဲ့ တည်ဆောက်ခဲ့ရတယ်ဆိုတာကလည်း ငြင်းဆိုလို့မရတဲ့အချက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ဖြစ်ထွန်းမှုများရဲ့ တန်ဖိုးမှန်ကိုသိရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့အတွက် အနာဂတ်ကိုမျှော်ပြီး ကြည့်ရှုနိုင်ရမှာလည်းဖြစ်ပါတယ်။ နောက်ထပ်တစ်ဆင့်ကို တက်လှမ်းတယ်ဆိုရာမှာ ပြည်သူအားလုံး လိုလားတဲ့၊ ပိုင်ဆိုင်လိုတဲ့၊ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းကို ရောက်ရှိရေးဆိုတဲ့ မျှော်လင့်ချက်ကို အဆင့်ဆင့် တည်ဆောက်ခြင်းဆိုတဲ့ နိုင်ငံရေးအနာဂတ်ကို ဖန်တီးခြင်းပဲဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်ကို အဆင့်ဆင့် ဖန်တီးတဲ့အခါမှာ အဓိကကျတဲ့ နိုင်ငံရေးဖြစ်စဉ်ကတော့ ရွေးကောက်ပွဲနည်းလမ်းတွေနဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေကို ခိုင်မာအောင် တည်ဆောက်ခြင်းကသာလျှင် နည်းလမ်းမှန်ဖြစ်တယ်ဆိုတာကို ရှုမြင်ပြီး ယုံကြည်ချက်အပြည့်နဲ့ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲများဟာ လိုအပ်တဲ့ နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းများ တည်ဆောက်ရေးဆိုတဲ့ လုပ်ငန်းစဉ်များရဲ့အစပြုဖြစ်စဉ်ပဲဖြစ်ပါတယ်။ အခုလက်ရှိအခြေအနေဟာဆိုရင်လည်း ရွေးကောက်ပွဲအကြိုကာလများကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ အထက်မှာ ကျွန်တော် ညွှန်းဆိုခဲ့တဲ့ ပြည်သူလူထု နိုင်ငံရေးတွင်ပါဝင်ခွင့်ရခြင်းဆိုတာကို လက်လွှတ်ဆုံးရှုံးမှုမခံဘဲ နောက်တစ်ဆင့်တက်လှမ်းရမယ့်အဆင့်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားတဲ့လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ပြင်ဆင်ကြိုးပမ်းဆောင်ရွက်ကြရမယ့် အချိန်ကာလပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆင်နွှဲကြတဲ့ နိုင်ငံတိုင်းကြုံတွေ့ဖြတ်ကျော်ရသလိုပဲ တိုင်းပြည်ရဲ့ လက်ရှိပကတိနိုင်ငံရေးအခြေအနေများအပေါ် လက်တွေ့ကျကျရှုမြင်ပြီးတော့ ချောမွေ့ညင်သာပြီး အောင်မြင်တဲ့ အသွင်ကူးပြောင်းရေးတစ်ရပ်ဖြစ်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမယ့် အချိန်ကာလပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်ကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို နှစ်ပေါင်းများစွာ ကြုံတွေ့လာခဲ့ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးနဲ့အရှုပ်ထွေးဆုံးလက်နက်ကိုင်ပဋိပက္ခတစ်ခုအဖြစ် နိုင်ငံတကာပညာရှင်များကလည်းသုံးသပ်၊ လက်ခံထားကြပါတယ်။ စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိဖို့ လျှောက်လှမ်းရတဲ့လမ်းဟာ အခက်အခဲပေါင်းများစွာရှိပြီး လွယ်ကူတဲ့အဖြေဆိုတာ လည်းမရှိပါဘူး။

သို့သော်လည်း ဒီကနေ့အချိန်မှာတော့ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့အတွက် အရေးအကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် စာချုပ်ပါအချက်အလက်များအားလုံးကို သဘောတူညီမှုရရှိသွားပြီ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ပါ အချက်အလက်များအားလုံးကို ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ အပြန်အလှန် အတည်ပြုချက်ရယူပြီး သဘောတူညီထားကြောင်း ပဏာမအဆင့်လက်မှတ်ရေးထိုးပွဲကို ကျွန်တော်ကိုယ်တိုင် တက်ရောက်အသိအမှတ်ပြုခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုတွေရရှိအောင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပါဝင်ဆွေးနွေးသူခေါင်းဆောင်တစ်ဦးချင်းစီအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်များမှာ ပေါ်ပေါက်လာတဲ့အခက်အခဲများကို စိတ်ရှည်သည်းခံမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနဲ့ လေးစားမှုတို့ကိုအခြေခံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တာဝန်ကျေမှုများကိုလည်း လေးစားဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။ များမကြာမီကာလအနည်းငယ်အတွင်းမှာပဲ နှစ်ဖက်ဆွေးနွေးဖက်များ သဘောတူအတည်ပြုထားတဲ့ တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်တော့မှာဖြစ်တဲ့အကြောင်းလည်း ငြိမ်းချမ်းရေးကို စိတ်ဆန္ဒပြင်းပြစွာလိုလားတောင့်တနေကြတဲ့ ပြည်သူများထံသတင်းကောင်းပါးလိုပါတယ်။ ခက်ခဲတဲ့အကျပ်အတည်းတွေကို ကျော်လွှားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးတည်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကြီးကို ဖွင့်လှစ်နိုင်ပြီလည်းဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုးကန့်အရေးနဲ့ စပ်လျဉ်းပြီးတော့ အနည်းငယ်ပြောကြားလိုပါတယ်။ လက်ရှိအချိန်မှာ ကိုးကန့်ဒေသမှာ အရေးကြီးလုပ်ငန်းစဉ်အနေနဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေးကို အဓိကထားလုပ်ဆောင်နေတဲ့ အဆင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ကြိုးပမ်းတည်ဆောက်နေတဲ့ နိုင်ငံတော်သစ်မှာ တိုင်းရင်းသားများ၊ လူနည်းစုများရဲ့အခွင့်အရေးကို အကာအကွယ်ပေးဖို့ဆိုတဲ့ကိစ္စရပ်တွေကိုလည်း ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေသာမကကမ္ဘာ့အင်အားကြီးနိုင်ငံများနဲ့ ဆက်ဆံရေးကောင်းရှိဖို့လိုအပ်နေတဲ့အချိန်မှာ ဒီလိုပဋိပက္ခတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အထိခိုက်ခံမှာမဟုတ်ဘူးဆိုတာကိုလည်း ပြောကြားလိုပါတယ်။

> **ပြည်သူလူထု နိုင်ငံရေးတွင် ပါဝင်ခွင့်ရခြင်းဆိုတာကို လက်လွှတ်ဆုံးရှုံးမှုမခံဘဲ နောက်တစ်ဆင့် တက်လှမ်းရမယ့်အဆင့်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ပြင်ဆင်ကြိုးပမ်းဆောင်ရွက်ကြရမယ့်အချိန်ကာလပဲဖြစ်။**

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးအတွက် ဆန္ဒပြတဲ့နည်းလမ်းနဲ့ ကြိုးပမ်းတဲ့ကိစ္စရပ်များမှာ စိတ်မကောင်းစရာ၊ ဝမ်းနည်းဖွယ်ရာကိစ္စရပ်တွေများစွာဖြစ်ပွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်တွေမှာ ကျွန်တော်တို့အားလုံး သင်ခန်းစာတစ်ရပ်အနေနဲ့ ရယူဖော်ထုတ်နိုင်တာကတော့ ဒီမိုကရေစီရဲ့ ကျင့်စဉ်တစ်ရပ်ဖြစ်တဲ့ သည်းခံနိုင်စွမ်းရှိခြင်းဆိုတာကို အနေဝေးခဲ့တဲ့အကျိုးဆက်တွေပဲဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို သင်ခန်းစာယူပြီးတော့ အင်အားစုအားလုံးဟာ နောင်ကြုံတွေ့လာရမယ့်ဖြစ်စဉ်များမှာ ပိုမိုပြီးစည်းကမ်းတကျ ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ရဲ့အရည်အသွေးတွေကို မြှင့်တင်ကြရမှာလည်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီကျင့်စဉ်များအရ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုတွေကို အသိအမှတ်ပြုရမှာဖြစ်တဲ့နည်းတူ တည်ဆဲဥပဒေတွေနဲ့ စည်းကမ်းများကို လေးစားလိုက်နာကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ မတ်လအတွင်းက ဖြစ်ပွားခဲ့တဲ့ အောင်တံခွန်ရေယာဉ်နစ်မြုပ်ခဲ့တဲ့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်နဲ့ ပတ်သက်ပြီးတော့ မိသားစုဝင်များ ဆုံးရှုံးခဲ့ရတဲ့ ကျွန်ရစ်တဲ့မိသားစုများနဲ့ ထပ်တူဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါတယ်။ မည်သည့်အကြောင်းနဲ့ အခုလိုဖြစ်ရပ်ပေါ်ပေါက်ခဲ့ရသည်ဖြစ်စေ ဆုံးရှုံးနစ်နာသွားရတဲ့ ပြည်သူများရဲ့ အသက်တွေဟာ အလွန်အမင်းနှမြောစရာ တန်ဖိုးတွေပဲဖြစ်ပါတယ်။ အစိုးရဌာနများ၊ ဝန်ထမ်းအဖွဲ့အစည်းများရဲ့ လိုအပ်ချက်၊ အားနည်းချက်နဲ့ ပေါ်ဆမှုတွေကြောင့် နောက်နောင်မှာ အခုလို ဝမ်းနည်းစရာဖြစ်ရပ်တွေ ထပ်မံမပေါ်ပေါက်စေဖို့အတွက် လိုအပ်တဲ့ စီမံဆောင်ရွက်မှုတွေ လုပ်ဆောင်ကြဖို့ အဆင့်ဆင့်ညွှန်ကြားထားပြီးလည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ကူးသန်းသွားလာရေးမှာ ပြည်သူများအနေနဲ့ လုံခြုံစိတ်ချစွာ သွားလာနိုင်ဖို့အတွက် လက်ရှိပေါ်ပေါက်နေတဲ့ အခြေခံအဆောက်အအုံ စီမံခန့်ခွဲမှု၊ နည်းပညာဆိုင်ရာအားနည်းချက်တွေကို အလျင်အမြန်ဖြည့်ဆည်းဆောင်ရွက်သွားကြရမှာလည်းဖြစ်ပါတယ်။

မတ်လအတွင်းမှာ တပ်မတော်နေ့အခမ်းအနားကို နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်အတွင်းမှာ အဓိကကျခဲ့တဲ့ ဖက်ဆစ်တိုက်ဖျက်ရေးနဲ့ အတူပေါ်ပေါက်လာတဲ့ မြန်မာ့တပ်မတော်ဟာ နှစ်ပေါင်း (၇၀) သက်တမ်းကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် အထူးသဖြင့် ကျွန်တော်တို့လို မဟာဗျူဟာကျတဲ့နေရာမှာတည်ရှိပြီး သေးငယ်တဲ့ နိုင်ငံငယ်တွေအတွက် ကျစ်လျစ်ပြီး အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ်ဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာလည်း ဒီကနေ့ ကမ္ဘာ့အခြေအနေများနဲ့ ဒေသတွင်းအခြေအနေများက အခိုင်အမာသက်သေထူလျက်ရှိပါတယ်။

ဒီကနေ့ မြန်မာ့တပ်မတော်အနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရေးနဲ့ မူလတာဝန်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာတဲ့အခါမှာ ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ဖို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးဆိုတဲ့ ကိစ္စရပ်များမှာ ပြည်သူလူထုအနေနဲ့ ကြိုဆိုအားပေးမှုများ ပြုလုပ်ပေးကြရမှာလည်းဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ မိမိတို့ရဲ့ အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီထွန်းကားတဲ့လူ့အဖွဲ့အစည်း တည်ဆောက်ရေးဆိုတာကို မျက်ခြည်မပြတ်ဖို့ လိုအပ်ပါတယ်ဆိုတဲ့အချက်ကို ထပ်လောင်းပြောကြားလိုပါတယ်။ ဒါမှသာလျှင် မိမိတို့ အဓိကထားတည်ဆောက်နေတဲ့ နိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာမှာလည်းဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးပြီး လူ့အဖွဲ့အစည်းအတွက် ရေရှည်မှာအကျိုးဖြစ်ထွန်းမယ့် နေရောင်ခြည်စွမ်းအင်သုံး နည်းပညာတွေဟာ ဒီကနေ့ ကမ္ဘာမှာ အထူးအလေးပေး ပြောဆိုလာကြရပါတယ်။ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုပြီး ပထမဆုံး ကမ္ဘာတစ်ပတ်လှည့်လည်မောင်းနှင်တဲ့ လေယာဉ်ရဲ့ အရှေ့တောင်အာရှရပ်နားစခန်းအဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ခဲ့ပြီး မန္တလေးမြို့မှာ ခေတ္တဝင်ရောက်ရပ်နားခဲ့ပါတယ်။ ဒီလို ကမ္ဘာ့ခေတ်ရှေ့ပြေး နည်းပညာကို ကမ္ဘာသူကမ္ဘာသားများအကြား မြှင့်တင်တဲ့နေရာမှာ မြန်မာနိုင်ငံက ထူးခြားစွာပါဝင်ခွင့်ရခဲ့တာကိုလည်း ဂုဏ်ယူဝမ်းမြောက်တဲ့အတွက် ကျွန်တော်ကိုယ်တိုင် သွားရောက်လေ့လာပြီး အားပေးခဲ့ပါတယ်။ အထူးသဖြင့် ဂုဏ်ယူမိတာကတော့ မန္တလေးတိုင်းဒေသကြီးနဲ့ အခြားဒေသများက လူငယ်မျိုးဆက်သစ်များဟာ ဒီကနေ့ ကမ္ဘာမှာ အထူးအလေးပေးပြောဆိုလာတဲ့ ခေတ်မီသိပ္ပံနဲ့နည်းပညာဆိုင်ရာ အခွင့်အလမ်းကောင်းတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရခဲ့ခြင်းပဲဖြစ်ပါတယ်။

များမကြာမီရက်ပိုင်းအတွင်းမှာ မြန်မာနိုင်ငံသားအားလုံး ပါဝင်ခွဲပျော်ကြတဲ့ မြန်မာတို့ရဲ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ နှစ်သစ်ကူးအခါသမယမှာ ပြည်သူများအားလုံး အတာသင်္ကြန်ကို နွှဲပျော်ရင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နှစ်သစ်ဖြစ်စေဖို့လည်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မိမိတို့နိုင်ငံသားအားလုံးရဲ့ အမျိုးသားရေး လက္ခဏာများထဲက တစ်ခုဖြစ်တဲ့ သင်္ကြန်ပွဲတော်ကို အကျည်းတန်စေမယ့် ပျော်ပါးမှုမျိုးအစား နိုင်ငံသားများအကြား ချစ်ခင်ရင်းနှီးမှုများကို တိုးပွားစေမယ့်၊ နိုင်ငံတကာက လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေအမြင်မှာလည်း ပျော်ရွှင်မှုနဲ့ စည်းကမ်းရှိမှုကို ထင်ဟပ်ပြီး မြန်မာနိုင်ငံရဲ့ပုံရိပ်ကို ကောင်းမွန်စေမယ့် ပွဲတော်တစ်ရပ်ဖြစ်အောင် နိုင်ငံသားတာဝန်တစ်ရပ်အနေနဲ့ ခံယူပြီး ပျော်ရွှင်စွာဆင်နွှဲကြပါလို့လည်း တိုက်တွန်းပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထား အစုန်/အဆန်နှစ်စင်းစီ ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန် လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားနှစ်စင်းစီပြေးဆွဲပေးမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း နေပြည်တော်မှ ဝန်ထမ်းများနှင့်မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဧပြီ ၁၀ ရက်တွင် အစုန်အထူးရထား(၁)သည် နေပြည်တော်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်ရက် နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ ည ၉ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၁၁ ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် ဧပြီ ၁၂ ရက်တွင် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့နံနက် ၆ နာရီတွင် လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အလွန်ကာလအတွက် အဆိုပါအထူးရထားနှစ်စင်းသည် ဧပြီ ၁၈ ရက်နှင့် ဧပြီ ၁၈ ရက်နေ့များတွင် မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိ အမှတ်(၃၁)အဆန်၊ (၇)အဆန်အမြန်ရထား နှစ်စင်းအပြင် နောက်ထပ်အထူးရထားနှစ်စင်းကို ဧပြီ ၂၁ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန် အထူးရထား(၁)သည် ရန်ကုန်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၃ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန် အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့ နံနက် ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေးသင်္ကြန်အထူးရထား(အစုန်/အဆန်)ရထားများကို လမ်းခရီးခ်ဋ် တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကို လမ်းခရီးခ်ဋ် ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင် ရပ်တန့်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဆိုင်ဘာစီးတီးတစ်ခု အကောင်အထည်ပေါ်လာရန် လိုအပ်သည့်ကူညီပံ့ပိုးမှုများကို အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ပင်းရှင်းဗဟိုဌာန အမှတ်(၂)၌ကျင်းပသည့် Myanmar Software Showcase 2015 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံမှ စွန့်ဦးတီထွင်လူငယ်လေးများ၏ တီထွင်ဖန်တီးမှုများနှင့် ICT ကုမ္ပဏီများ၏ ထုတ်ကုန် Software များကို ခင်းကျင်းပြသထားသည့် Myanmar Software Showcase 2015 သည် မြန်မာနိုင်ငံ၏ IT Industry ဖွံ့ဖြိုးမှုကို အရှိန်အဟုန်ဖြင့် ရွှေ့လျားနိုင်စေရန် စတင်တွန်းအားပေးလိုက်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၏ စုစည်းကြိုးပမ်းမှုပြယုဂ်လည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို တိုးတက်ဖွံ့ဖြိုးသည့်နိုင်ငံများနှင့်အမီလိုက်နိုင်ရန် လုပ်ဆောင်ကြရာတွင် ICT ပညာကို ထိရောက်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် တိုးတက်သည့်နိုင်ငံအားလုံးတွင် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍက ထိပ်ဆုံးတွင်ရှိနေပြီး ITU မှထုတ်ပြန်သည့် အချက်အလက်များအရ Telecommunication နှင့် ICT Industry ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးတိုးတက်စေရန်၊ ဂျီဒီပီတိုးတက်စေရန်များစွာ အထောက်အကူပေးနိုင်ပြီး Broadband penetration 10 ရာခိုင်နှုန်းတိုးတက်မှုသည် GDP per Capital ကို သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်စေသည်ဟုလည်း သိရှိရပါကြောင်း။

ကမ္ဘာ့ဘဏ်၏ တိုင်းပြည် ၁၂၀ အပေါ် သုတေသနပြုချက်များအရ Mobile penetration ၁၀ ရာခိုင်နှုန်း တိုးတက်လာတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုကို သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်စေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းတိုးတက်လာစေသည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် ICT ကို အသုံးမချနိုင်လျှင် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မရနိုင်ကြောင်းကို လက်ခံလာကြပြီဖြစ်ပါကြောင်း။

ICT ကို အစိုးရဌာနများတွင် အသုံးချမှု၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးချမှုနှင့် နိုင်ငံသားများမှ အသုံးချမှု သုံးပိုင်းခွဲခြားနိုင်ပါကြောင်း၊ ယင်းကဏ္ဍသုံးခုတွင် ICT အသုံးပြုခြင်းအားဖြင့် ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါကြောင်း။

သန့်ရှင်းသောအဝိုးရ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ရရှိစေရန်အတွက် ICT မဖြစ်မနေအသုံးပြုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်အစိုးရအသုံးစရိတ်များကို ICT Industry တစ်ခု ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမှာဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများမှ အထိုက်အလျောက် ICT အသုံးချမှုရှိနေပြီး အထူးသဖြင့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကုန်တိုက်ကြီးများ၊ ဆေးရုံများတွင် ICT အသုံးပြုမှု ပိုမိုများပြားလာသည်ကို တွေ့ရပါကြောင်း၊ ကျန်သည့်လုပ်ငန်းများတွင်လည်း ICT အသုံးချမှု ယခုထက်ပိုမိုတိုးတက်လာစေရေး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

နိုင်ငံသားများ၏ ICT အသုံးချမှုအပိုင်းတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ ICT အသုံးချမှု၊ ICT ပညာတတ်မြောက်မှုများကို မြှင့်တင်ဆောင်ရွက်သွားခြင်းအားဖြင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများတွင် ငွေကြေးနှင့်အချိန်ကို သက်သက်သာသာနှင့် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

မြို့ကြီးပြကြီးနေ ပြည်သူများနှင့်၊ ကျေးလက်နေပြည်သူများပါ အသုံးပြုနိုင်ရန်အတွက် မြန်မာစာနှင့်အသုံးပြုနိုင်မည့် Application များကို ဦးစားပေးတီထွင်ရေးသားကြရန်လည်း လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ မြန်မာစာသုံး Application များ ရေးသားနိုင်ရန် ပြည့်စုံကောင်းမွန်သည့် မြန်မာစာ 'စံ' စနစ်ဖြစ်ပေါ်လာစေရေးကိုလည်း အထူးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်ဘက်မှလည်း လိုအပ်သည့်ပံ့ပိုးမှုများကို ကူညီသွားရမည်ဖြစ်ပါကြောင်း။

အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စရိတ်သက်သာစွာဖြင့်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာအပြည်ပြည်ဆိုင်ရာကွန်ပင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအထက်ပိုင်းတွင် ရတနာပုံဆိုင်ဘာစီးတီးတစ်ခု ထူထောင်ပေးသကဲ့သို့ အိုင်တီလုပ်ငန်းအများဆုံး စုဝေးတည်ရှိနေသော ရန်ကုန်မြို့အနီးပတ်ဝန်းကျင်တွင်လည်း အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိနိုင်သည့်နေရာကို ရွေးချယ်၍ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ Sillicom Valley ဟု တင်စားခေါ်ဆိုနိုင်မည့် ဆိုင်ဘာစီးတီးတစ်ခု အကောင်အထည်ပေါ်လာရန် လိုအပ်သည့်ကူညီပံ့ပိုးမှုများကို အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တွေ့ကြုံရမည့်အခက်အခဲများကို IT ပညာရှင်၊ လုပ်ငန်းရှင်များနှင့်အတူ လက်တွဲယူပေါင်းဖြေရှင်းပေးသွားရမည်ဖြစ်ပါကြောင်း။

ယခုပြပွဲအခမ်းအနားသည် IT Industry ၏ စည်းလုံးညီညွတ်မှု၊ မြန်မာလူငယ်လေးများ၏ တီထွင်နိုင်မှုနှင့် စွမ်းရည်ကိုသက်သေထူပေးသည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း။ လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်များရရှိနိုင်ရန် လက်ရှိကွန်ပျူတာတက္ကသိုလ် ၂၄ ခု၊ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ် နှစ်ခုနှင့် နည်းပညာတက္ကသိုလ်များမှ နှစ်စဉ်ကျောင်းသား ၂၈၀၀ ခန့်ကို မွေးထုတ်နေပြီး ရန်ကုန်တက္ကသိုလ်နှင့် ပုဂ္ဂလိကသင်တန်းကျောင်းများမှလည်း မွေးထုတ်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဤဘွဲ့ရကျောင်းဆင်းများအားလုံး IT လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ထူထောင်ပေးနေသည့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများ၊ လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အခြားသောတက္ကသိုလ်များ၊ ICT အသုံးပြုသူ လုပ်ငန်းရှင်များပါဝင်သည့် အဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ Master Plan ကို စနစ်တကျရေးဆွဲပြီး တညီတညွတ်တည်း အကောင်အထည်ဖော်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က အဓိကနေရာမှ ပါဝင်လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေဖြင့် အိုင်စီတီလုပ်ငန်းများ တိုးတက်လာစေရေး ဆိုင်ဘာစီးတီးတစ်ခု ပေါ်ပေါက်လာရန်၊ ပြည့်စုံသည့် မြန်မာစာ 'စံ' စနစ် ပေါ်ပေါက်လာရန်၊ e-Village ပရောဂျက်ကဲ့သို့သော ကျေးလက်ဒေသမှပြည်သူများ အိုင်စီတီအရေးပါပုံ နားလည်သဘောပေါက်လာရန်၊ စွန့်ဦးတီထွင် မြန်မာအိုင်စီတီလူငယ်များကို ပျိုးထောင်ပေးသည့် လုပ်ငန်းများကို ယခုထက်မက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါရန် တိုက်တွန်းလိုပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးတို့က ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက Myanmar Software Showcase 2015 ပြပွဲကို မြန်မာစစ်သူကြီးဂိမ်းပုရပိုက်တွင် အမှတ်တရစာသားရေးထိုးဖွင့်လှစ်ပေးသည်။

ယင်းနောက် Myanmar Software Showcase 2015 ပြပွဲအထိမ်းအမှတ် အနာဂတ်လူသားသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်မှတ်ပုံရိုက်ကူးကြပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ပင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် အသင့်သုံးဆော့ဖ်ဝဲများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် သင်တန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

Myanmar Software Showcase 2015 ပြပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၄၀၀ တက်ရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးကျင်းပသည့် Myanmar Software Showcase Forum များသို့ ပါဝင်တက်ရောက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ ပြပွဲ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ၏ အသုံးချ ကွန်ပျူတာဆော့ဖ်ဝဲဆိုင်ရာ နည်းပညာပြခန်းများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ အိုင်တီပြခန်းများ၌ ကြည့်ရှုလေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

❒ ဒုတိယသမ္မတမှ

လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့(စီအယ်လ်အမ်ဗွီ)နှင့် ရောဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်စ်)ကဲ့သို့သော ယန္တရားများမှတစ်ဆင့် ဆန်စပါးကုန်သွယ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ စသည့်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် ထောက်ခံမှုပြုရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက လွတ်တော်များနှင့် တပ်မတော်များကြားတွင်ပါ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီး ဦးဆောင်သောအဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဖန္တမ်းပင်လေဆိပ်မှ ကမ္ဘောဒီးယားလေကြောင်းလိုင်းဖြင့် ဆီယမ်ရိမ္ပြိ ဆီယမ်ရိလေဆိပ်သို့ရောက်ရှိရာ ဆီယမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးဦးဆောင်သော အဖွဲ့သည် အန်ကောဝပ် ဘုရားကျောင်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အန်ကောဝပ် ဘုရားကျောင်းသည် အရှေ့တောင်အာရှ ဒေသ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသများအနက် အရေးပါဆုံးဒေသ တစ်ခုဖြစ်ကာ အကျယ်အဝန်းအားဖြင့် စတုရန်း ကီလိုမီတာပေါင်း ၄၀၀ ကျော် ကျယ်ပြန့်သည်။ အေဒီ ၉ ရာစုမှ ၁၅ ရာစုအတွင်း ပေါ်ပေါက်ခဲ့သည့် ခမာယဉ်ကျေးမှု၏ ထူးခြားထင်ရှားသော အမွေအနှစ်များကို တစုတစည်း တည်း တွေ့ရှိနိုင်သည့်နေရာလည်း ဖြစ်သည်။ ခမာယဉ်ကျေးမှုအား ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် အတွက် ယူနက်စကိုအဖွဲ့အနေဖြင့် ကျယ်ပြန့်သော အစီအစဉ်များချမှတ်ကာ The German Conservation Project (GACP) အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံက ပူးပေါင်းထိန်းသိမ်းလျက်ရှိသည်။ ထို့ပြင် ၁၉၉၅ ခုနှစ်တွင် ထူထောင်သော အန်ကော World Heritage Site ကလည်း ရန်ပုံငွေများ ထူထောင်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းများ တိုးမြှင့်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၅-၂၀၁၆ ပညာသင်နှစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်းအတွက် သင်တန်းသားများ ခေါ်ယူ

နေပြည်တော် ဧပြီ ၂

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာ သင်တန်း (PPTT) အမှတ်စဉ် (၂/၁၅) ဖွင့်လှစ်မည်ဖြစ်၍ တက်ရောက်လိုသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့် လျှောက်ထားသူသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ လျှောက်ထားသူနှင့် မိဘနှစ်ဦးလုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

ပြင်ပဘွဲ့ရများအတွက် အသက် (၃၀)နှစ်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၃၅)နှစ်ထက်မကြီးသူဖြစ်ရန်နှင့်သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

ဝန်ထမ်းများမှာ လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရမည်။ သက်ဆိုင်ရာ ခရိုင်များတွင် ရေးဖြေဖြေဆိုရမည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာ အတတ်ပညာသင်တန်း အမှတ်စဉ် (၂/၁၅)ကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာ အတတ်ပညာသင်တန်း အမှတ်စဉ် (၂/၁၅) အတွက် လျှောက်ထားသူများသည် ဝင်ခွင့်ရေးဖြေနှင့် လူတွေ့နှုတ်ဖြေကို ဖြေဆိုကြရမည်ဖြစ်သည်။

ရေးဖြေစာမေးပွဲကို ၂၀၁၅ ခုနှစ် မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး (အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ) ဖြေဆိုရမည်။

ရေးဖြေစာမေးပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်စာစစ်ဌာန ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများ၌ ဖြေဆိုရပါမည်။

ရွေးချယ်ခံရသူများ စာရင်းကို မြို့နယ်ရုံးများ၊ ခရိုင်နှင့်တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်။

သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်း မရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း သိရသည်။

လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျန်းမာကြောင်း ထောက်ခံစာမိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

လျှောက်ထားသူများသည် လျှောက်လွှာကို ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်မှ စတင်၍ မြို့နယ်ပညာရေးမှူးရုံးများသို့ တင်ပြလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရ။

လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံစာ(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) နှင့် ကျန်းမာကြောင်း ထောက်ခံစာ(မူရင်း) တို့ကို ယူဆောင်လာရမည်။ ဆရာတစ်ဦးတွင် ရှိသင့်၊ ရှိထိုက်သည့် သွင်ပြင်လက္ခဏာအင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးမည်ဖြစ်သည်။

လျှောက်ထားသူသည် သတ်မှတ်ထားသော သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စ်پို့အရွယ် ဓာတ်ပုံ (မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့် တစ်ပုံ၊ မျက်မှန်မပါတစ်ပုံ) ကို ကပ်၍တင်ပြရမည့် အထောက်အထားများ ပူးတွဲလျက် ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၀ ၌လည်းကောင်း၊ ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၂၃၈ ဌာနတို့၌ လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ဂုဏ်ထူး)ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၂၄၁ ပါးအနက် ၁၁၇ ပါး ဖြေဆိုကြသဖြင့် ၄၈ ဒသမ ၅၅ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၈၈၂ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၄၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးပေါ်လွင်စိန် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၃

ခရိုအေးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဇာဂရက်မြို့ ၌ ခရိုအေးရှားသမ္မတနိုင်ငံသမ္မတ မစ္စစ် ကော်လင်ဒါဂရာဘာ ကိတာရိုဗစ်ခ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

စစ်တက္ကသိုလ်

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်း၊ (၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနား အလှူတော်မဂ်လာနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁)ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်မှီသောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၅ခုနှစ်၊ ဧပြီလ(၇)ရက်နေ့တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နေပြည်တော်၊ ပြင်ဦးလွင်၊ ရန်ကုန်ရှိ ကျောင်းဆင်းသူငယ်ချင်းများမှ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေပြည်တော်။ ။ ၄-၄-၂၀၁၅ရက် နံနက်ဂျုံ၀ဝနာရီအရောက် အေလာခေတ်အေးကျေးရွာရှိ ကိုယ်အင်္ဂါစွန့်စစ်မှုထမ်းဟောင်းများသို့ လိုအပ်သည်များ လျှုဒါန်းခြင်းနှင့် ၁ဂျုံ၀ဝနာရီမှ ၂ဂျုံ၀ဝနာရီအထိ (Sky Palace) ဟိုတယ်တွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၆၇၁၇၀၈၈သက်နောင်

ပြင်ဦးလွင်။ ။ ၄-၄-၂၀၁၅ရက် ဧပြီ၀ဝနာရီမှ ၁၂၀၀နာရီထိ မမွှစ်ရိပ်ငြိမ် သာသနာရိပ်သာ၊ ရွှေမြင့်သာကျေးရွာ၊ ရပ်ကွက်ကြီး(၁၄) အလှူတော်မဂ်လာပြုလုပ်ခြင်းနှင့် ၁၈း၀ဝနာရီမှ ၂ဂျုံ၀ဝနာရီအထိ စုပေါင်းမဂ်လာခန်းမတွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။ ဆက်သွယ်ရန် ဖုန်း-၀၉-၃၃၂၁၉၄၀၅ နေလင်းထွန်း

ရန်ကုန်။ ။ ၇-၄-၂၀၁၅ရက် ၁၀း၀ဝမှ ၁၂၀၀နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှုဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှုဒါန်းခြင်းနှင့် ၁ဂျုံ၀ဝနာရီမှ ၂၂၀၀နာရီအထိ မြရိပ်ညီဟိုတယ်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲ ပြုလုပ်ခြင်း။
ဆက်သွယ်ရန် ဖုန်း - ၀၉-၃၁၃၃၃၃၈၆၉၊ ၀၉-၄၀၁၅၉၇၉၇၇၊ ၀၉-၅၁၃၇၁၆၇၁

ပြီးခဲ့သည့် မတ် ၂၉ ရက်က မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) အောင်ဆန်းတောရတပ်ဦးကျောင်း၌ ကျင်းပခဲ့သော ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အသင်း၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အသင်းဝင်တစ်ယောက်အနေဖြင့် တက်ရောက်ခဲ့သည့်အပြင် ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် "ထီးကလေးနှစ်လက် ဟင်းသုံးခွက်" စာမူဖြင့် လူငယ်စာပေ ဒုတိယဆုရခဲ့သော ကျွန်တော် မြင့်စိုး(နတလ)အား မြို့နယ်အသင်းက ဂုဏ်ပြုလို၍ ဖိတ်ကြားခဲ့ခြင်းကြောင့် တက်ရောက်ခဲ့ခြင်းလည်းဖြစ်ပါသည်။ အသင်း၏ ဩဝါဒဆရာတော်လည်းဖြစ်၊ နာယကဆရာတော်လည်း ဖြစ်တော်မူသော အောင်ဆန်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တကိတ္တိမသာရက အသင်းသူ အသင်းသားများအား ဩဝါဒတရားမြွက်ကြားရာ၌ လက်ရှိဘဝကို အကျိုးရှိစွာအသုံးချသွားရမည်ဖြစ်ကြောင်း၊ ကျေးဇူးရှိသောအရပ်ကို မမေ့အပ်ကြောင်း၊ မိမိတို့ရှေ့တွင် အပူဇော်ခံ ရောက်ရှိနေသော သက်ကြီးဘိုးဘွားများသည် တစ်ချိန်က ရပ်ကျိုးရွာကျိုး မိမိတို့မြို့နယ်အကျိုးအတွက် တက်တက်ကြွကြွ သယ်ပိုးထမ်းရွက်ခဲ့သူများဖြစ်ကြသည်ကို သတိသံဝေဂတရားဖြင့် ဆင်ခြင်ပွားများရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

ဖြင့်စိုး (နတလ)

နှစ်သစ်ကို ရွှေတံခါးဖွင့်လို့ ကြိုဆိုကြပါစို့

ထိုနေ့အစည်းအဝေးကို တက်ရောက်နေရင်း ဆရာတော်ကြီး၏ မိန့်ကြားချက်များအတိုင်း မိမိသည်လည်းပဲ လက်ရှိဘဝကို ဘယ်လောက်အထိ အကျိုးရှိစွာအသုံးချနိုင်ပြီလဲဆိုသည့်မေးခွန်းအား မိမိကိုယ်မိမိ ထပ်ကာထပ်ကာ မေးနေမိသည်။ ဝမ်းမြောက်ဝမ်းသာဖြစ်ရတာတစ်ခုကတော့ ကျွန်တော် ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝက သင်ခဲ့ရသော ကျေးဇူးရှင် ဆရာမကြီး ဒေါ်ခင်ဌေးဝင်းအား နှစ်ပေါင်း(၄၀)ခန့် ကွဲကွာပြီးမှ ထိုအစည်းအဝေး၌ ပြန်လည်တွေ့ဆုံခဲ့ရခြင်းပင်။ လေးမျက်နှာမြို့နယ်အသင်း၏ ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူမည့် ဦးကြီးမြင့်သည် ဟင်္သာတမြို့နယ်အသင်းဝင် တစ်ယောက်လည်း ဖြစ်နေပေသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့က ဟင်္သာတမြို့နယ်အသင်းသည်လည်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပနေကြောင်း သိရ၍ အသင်းဥက္ကဋ္ဌ ဂီတစာဆို ဟင်္သာတဦးမြင့်ငွေထံ ဖုန်းဆက်ခဲ့သည်။ ဖုန်းဆက်ရသည့် အကြောင်းအရင်းမှာ ယခင်က ဆရာရေးဖွဲ့သီကုံးပေးခဲ့သော သင်္ကြန်တေးသီချင်းနှစ်ပုဒ်ဖြစ်သည့် **"ပြည်ထောင်စုကြီး အေးချမ်းပါစေ"** သီချင်းနှင့် **"ရွှေဝါဖူးသင်္ကြန်"** သီချင်းတို့ကို အရှုပ်များ ပြန်လည်တည်းဖြတ်၍ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် SkyNet တို့မှ ထုတ်လွှင့်ပြသခွင့်ရရှိရေး သက်ဆိုင်ရာဌာနများသို့ ပေးပို့တင်ပြထားကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြည်ထောင်စုကြီးအေးချမ်းပါစေ" သီချင်းအား တေးသံရှင် ယဉ်ဝေယံထွန်းက သီဆိုထားပြီး **"ရွှေဝါဖူးသင်္ကြန်"** သီချင်းကိုမူ တေးသံရှင် စိုးစန္ဒာထွန်းက သီဆိုပေးခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသ တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့များအား ရန်ကုန်မြို့သို့ ဖိတ်ကြားခေါ်ယူ၍ မဟာသင်္ကြန်ပွဲတော်များ၌ ပါဝင်ဆင်နွှဲစေခဲ့ရာ ယင်းတိုင်းရင်းသူယိမ်းအဖွဲ့များ သီဆိုကပြနိုင်ရေးအတွက် အထက်ပါ သီချင်းနှစ်ပုဒ်အပါအဝင် သီချင်းပုဒ်ရေ တော်တော်များများကို ဟင်္သာတဦးမြင့်ငွေက အဓိက ရေးစပ်သီကုံးပေးခဲ့သည်။ အခြားသော တေးရေးဆရာများဖြစ်သည့် ဆရာ သုခိအောင်၊ ရာမဦးအုန်းမောင်၊ ဆရာမြသန်းစံ၊ ကေတုဝင်းထွဋ်စသော တေးရေးဆရာများ၏ သီချင်းများလည်းပါဝင်သည်။ သီချင်းအားလုံးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှုရေးဖွဲ့ထားကြခြင်း ဖြစ်ပါသည်။

"ပြည်ထောင်စုကြီးအေးချမ်းပါစေ" သီချင်းတွင်. . . . . ရွှေတန်ခူး လ××× ဝေဖူးကြ ××နွေဦးအလှကုံ့ကော်နဲ့ ပန်းပိတောက်ဝါတွေ×× နှစ်ဆန်းမို့ အချစ်ပန်းတို့×××ပွင့်လန်းကြပါစေလို့ တောင်းဆုပန်ချွေ×××နှစ်သစ် ရွှေတံခါးဖွင့်လို့ကြိုကြမယ်လေ×× တိုင်းရင်းသားသွေးချင်းတို့ ပျော်တဲ့ သင်္ကြန်နွေ××မြေပြန့်နဲ့တောင်ပေါ်က တိုင်းရင်းဆွေတွေ×× စိမ်းလန်းတဲ့××ငြိမ်းချမ်းတဲ့××ကိန်းခန်းနဲ့အတူ××မင်္ဂလာယူကြပါလေ××× နေ့သစ်တွေတိုင်းမှာ ပြည်ထောင်စုကြီးအေးချမ်းပါစေ××× ဟူသော သီချင်းစာသားများ ပါဝင်နေသကဲ့သို့ မြန်မာပြည်အနှံ့အပြားက×××တိုင်းရင်းသားမျိုးနွယ်စုတွေ××× မိသားစုတွေ××× ရေမြေအလိုက် စုပေါင်းနေထိုင်×× တိုင်းရင်းသားလူမျိုးစုံစွာ××× အေးအတူပူအမျှ စုစည်းယှက်နွယ်××× ပြည်ထောင်စုငယ်လေးများသဖွယ်××× ထူးခြားတဲ့ဝိသေသရှိတဲ့ မြန်မာတွေ××× နှစ်သစ်ကို ကြည်နူးစွာ ပျော်မြူးနိုင်စေ××× နယ်စပ်ဒေသက တိုင်းရင်းသားတွေ×××တို့အသက်နဲ့ ထပ်တူ ပြည်ထောင်စုကိုချစ်ကြတယ်လေ××× ဟူသည့် စာသားများလည်း ပါဝင်ခဲ့သည်။

ကျွန်တော် တိတိပပကြီးဖြေနိုင်တာတစ်ခုတော့ရှိသည်။ ကျွန်တော့်၏ လက်ရှိဝန်ထမ်းဘဝကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ကုန်လွန်စေမှာဖြစ်သကဲ့သို့ နယ်စပ်ဒေသများအားလုံး တည်ငြိမ်အေးချမ်းစေလိုသည့် စိတ်ဇောစေတနာ အမြဲရှိနေသည်ဆိုတာကိုပဲဖြစ်သည်။ ၁၉၉၅ ခုနှစ်၌ နတလဝန်ထမ်းဘဝကို ခံယူခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့(၁၇)ဖွဲ့၊ အဖွဲ့ငယ်ပေါင်း(၂၀)ကျော် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး ၎င်းအဖွဲ့များနှင့်ဆက်နွယ်နေသည့် အထူးဒေသ (၁၈) ခုတွင် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ ဆက်သွယ်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ သာသနာရေးစသည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရသည်။ နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းမှုရရှိခဲ့ကြသည်။

ထိုကဲ့သို့ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံကောင်းများ ရရှိခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှစ်သစ်ကူးအကြိုကာလ ခရစ်နှစ် ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်၌ နိုင်ငံသူ နိုင်ငံသားများအတွက် အလွန်ကျက်သရေမင်္ဂလာ ရှိလှသော ငြိမ်းချမ်းရေးသတင်းတစ်ပုဒ်ကို ရုပ်မြင်သံကြားသတင်းများတွင် ကြည့်ရှုနားဆင်လိုက်ရသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်(Nationwide CeasefireAgreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် မတ်၃၀ ရက်ကပြန်လည်ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ သတ္တမရက်မြောက်နေ့တွင် NCA စာချုပ်၏ နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့် အချက်များအားလုံးကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း၊ NCA စာချုပ်အတွက် ဆဋ္ဌမနေ့ ဆွေးနွေးပွဲအပြီးတွင် ညှိနှိုင်းဆွေးနွေးရန် ကျန်ရှိခဲ့သည့် အခန်းတစ်ခုနှင့် အချက်သုံးချက်တို့ကို သဘောတူဆွေးနွေးနိုင်ခဲ့ကြောင်း၊ NCA စာချုပ်နောက်ဆုံးမူကြမ်းတွင် ပါဝင်သည့် အခန်းပေါင်း (၇) ခန်း၊ အပိုဒ်ပေါင်း(၃၃) ပိုဒ်နှင့် အပိုဒ်ငယ်ပေါင်း (၈၆)ခု အားလုံးကို နှစ်ဖက်သဘောတူဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယနေ့သဘောတူညီနိုင်ခဲ့သည့် NCA စာချုပ် နောက်ဆုံးမူကြမ်းပါအချက်များအားလုံးကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် NCCT နှင့် UPWC တို့မှ ပြန်လည်သုံးသပ်မှုပြုလုပ်ပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များမှ ပဏာမသဘောတူညီမှုအဖြစ် လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ကြားသိလိုက်ရသည်။

NCA စာချုပ် နောက်ဆုံးမူကြမ်း၏ သဘောတူညီချက်များအား လက်မှတ်ရေးထိုးသည့် အခမ်းအနားကို မတ် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။ ယင်းအခမ်းအနား၌ နိုင်ငံတော်သမ္မတကြီးက **NCA လက်မှတ်ရေးထိုးပြီးသည်နှင့် Political Dialogue အတွက်တံခါးပေါက်ပွင့်သွားပြီဖြစ်ပါကြောင်း၊ ကြားကာလအတွင်း တွေ့ကြုံရမည့် အခက်အခဲနှင့် ပြဿနာများကို နှစ်ဖက်ညှိနှိုင်းကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အားလုံးသည် မြန်မာ့ငြိမ်းချမ်းရေး၏သမိုင်းကို ဖန်တီးဖော်ဆောင်ပေးသူများဖြစ်သည့်အပြင် တည်ဆောက်ပေးသူများအဖြစ်လည်း မြန်မာ့သမိုင်းတွင်မှတ်တမ်းတင် ကျန်ရှိခဲ့မည့်သူများဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အောင်မြင်မှု၊ တစ်နည်းအားဖြင့် " ဒုတိယပင်လုံ၏ အောင်ပွဲ "အဖြစ် ပြောစမှတ်ပြုကြမည် ဖြစ်ပါကြောင်း**ဖြင့် မိန့်ကြားခဲ့ပါသည်။

ရာသက်ပန်ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းရေးသည် နိုင်ငံတော်၏ အန္တိမ ရည်မှန်းချက်အဖြစ် မှတ်ယူပါသည်။ ယင်းသို့ ရာသက်ပန် တည်ငြိမ်အေးချမ်းမှုလမ်းကြောင်းပေါ် သို့ တက်လှမ်းနိုင်ရေးသည် ယခုတွေ့ဆုံဆွေးနွေးမှု အကျိုးရလဒ်များအပေါ် မျှားစွာတည်မှီလျက်ရှိပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်မည်ဆိုပါက မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်သည် ဖြတ်သန်းခဲ့ဖူးသော နှစ်များစွာထဲက မင်္ဂလာအရှိဆုံး နှစ်တစ်နှစ်ဖြစ်လာမည်မှာ မလွဲပါ။ မလွဲမသွေဖြစ်လာမည်ဟူ၍လည်း အလေးအနက် ယုံကြည်မိပါသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး နှစ်သစ်ကို ရွှေတံခါးဖွင့်လို့ ကြိုနိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါသည်။

> **ရာသက်ပန် တည်ငြိမ်အေးချမ်းမှုလမ်းကြောင်းပေါ်သို့ တက်လှမ်းနိုင်ရေးသည် ယခုတွေ့ဆုံဆွေးနွေးမှု အကျိုးရလဒ်များအပေါ် မျှားစွာတည်မှီလျက်ရှိပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်မည်ဆိုပါက မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်သည် ဖြတ်သန်းခဲ့ဖူးသော နှစ်များစွာထဲက မင်္ဂလာအရှိဆုံး နှစ်တစ်နှစ်ဖြစ်လာမည်မှာ မလွဲပါ။**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ အသိပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(ရန်ကုန်)၌ ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပသော အသိပညာပေးဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်စမ်းစမ်းဝေ၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်မြင်ဝင်း၊ ဘဏ္ဍာရေးဌာနကြီးခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်း၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်၊ အဖွဲ့ဝင် ဒေါက်တာ ဒေါ်အေးအေးနွယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မြမြ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်တင်တင်မြတို့ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်စမ်းစမ်းဝေက လူမှောင်ခိုခြင်းနှင့်လူကုန်ကူးခြင်းဆိုင်ရာ ပြဿနာအကြောင်းကိုလည်းကောင်း၊ ဘဏ္ဍာရေးဌာနကြီးခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်းက ကလေးသူငယ်များ အခမ္မပြုကျင့်ခံရမှုနှင့် ၎င်းတို့၏ အနာဂတ်အကြောင်းတို့ကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်မြမြက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်မြင်ဝင်းက အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ ဆေးဝါးစက်ရုံ(ရန်ကုန်)မှ အထွေထွေမန်နေဂျာ ဦးဝင်းကိုကိုနှင့် စက်ရုံရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စက်ရုံမှ ဌာနကြီးမှူးများနှင့် အမျိုးသမီးဝန်ထမ်း စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ဆက်လက်၍ ဆေးဝါးစက်ရုံ(ရန်ကုန်)ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ရောက်ရှိပြီး ကလေးများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ကနောင်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

အမျိုးသားပညာရေးဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ကျောင်းသားလူငယ်များတောင်းဆိုသည့် အချက်(၁၁)ချက်ပါဝင်

နေပြည်တော် ဧပြီ ၂

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်၏ **ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းစုမှ ပိုင်ဆိုင်ခဲ့သောပုဂံဟိုတယ်အား ပုဂ္ဂလိကပိုင်အဖြစ် သို့ပြောင်းလဲပါက မည်သည့်ဘောင်နှင့် ပွင့်လင်းမြင်သာစွာ ပြောင်းလဲရောင်းချခဲ့ပါသလဲ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ပုဂံသမဝါယမဟိုတယ်ကို ထက်အာကာကျော် သမဝါယမအသင်းစုသို့ လွှဲပြောင်းပေးရန် အထူးအရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် အသင်းဝင် ကိုယ်စားလှယ်များ အားလုံးဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပါ

ဒုတိယဝန်ကြီး ဦးသန်းထွန်း။

ကြောင်း၊ သမဝါယမအသင်းများသည် နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းထားသည့် သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် အသင်း၏ကိစ္စအရပ်ရပ်ကို အသင်းသားများမှ စီမံခန့်ခွဲပိုင်ခွင့်ရှိပါကြောင်း၊ ညောင်ဦးမြို့နယ် သမဝါယမအသင်းစုသည် ပုဂံသမဝါယမဟိုတယ်ကို အသင်းသားအချင်းချင်း ရောင်းချရန်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဆိုပါဟိုတယ်ကို ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲထားခြင်းမဟုတ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့သည်။

"အမျိုးသားပညာရေးဥပဒေကြမ်းကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် ကျောင်းသားလူငယ်များ တောင်းဆို

မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်။

သည့် အချက်(၁၁)ချက်မှာ အကျုံးဝင်နေကြောင်း"ဦးစောလှထွန်းက ယနေ့ အစည်းအဝေးအပြီးတွင် ပြောသည်။

"အမျိုးသားလွှတ်တော်က အတည်ပြုချက်နဲ့ ပေးပို့တဲ့ဥပဒေကြမ်းမှာ အပုဒ်ပေါင်း(၅၈)ပုဒ်ပါတယ်။ ပြင်ဆင်ချက်(၁၀၅)ချက်ပါ ပါတယ်။ ကျွန်တော်တို့ကော်မတီက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၁၀၅)ချက် အနက်(၅၇) ချက်ကို သဘောတူပါတယ်။ (၄၈)ချက်ကိုတော့ အကျိုးအကြောင်းများနဲ့ ပြင်ဆင်ခဲ့ပါတယ်။ ဒီဥပဒေကို ၆ ရက်နေ့မှာ ဆွေးနွေးပြီးတော့ ၇ ရက်နေ့၊ ၈ ရက်နေ့ လောက်မှာ အတည်ပြုပါမယ်။ အတည်ပြုပြီးရင်တော့ အမျိုးသားလွှတ်တော်ကို ပြန်လည်ပေးပို့မှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ National Network For Education Reform(NNER) မှ ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များပါဝင်သော လေးပွင့်ဆိုင်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျောင်းသားများ၏ တောင်းဆိုချက် (၁၁)ချက်ပေါ် မူတည်ပြီး ယင်းဥပဒေကို ပြင်ဆင်နိုင်ရန်ဆွေးနွေးခဲ့ရာ ကျောင်းသားများနှင့် NNER တို့၏ ပြင်ဆင်ရေးဆွဲတင်ပြသည့် **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ၎င်းတို့၏ တောင်းဆိုချက်အရ လွှတ်တော်သို့ တင်ပြရန်လေးပွင့်ဆိုင်အဖွဲ့က မူအားဖြင့် သဘောတူညီခဲ့ပါကြောင်းဖြင့် ယနေ့ ဖတ်ကြားသည့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသည်။

ယခုပြင်ဆင်သည့် ဥပဒေကြမ်းကို ပညာရေးဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ရာ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ကြားနာဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဧပြီ ၂

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ **"တရားမမှုများ လျင်မြန်စွာ စီရင်ဆုံးဖြတ်နိုင်ရန် တရားမမှုသီးသန့် စစ်ဆေးစီရင်သော တရားရုံးများ ဖွင့်လှစ်ရန် စီမံဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်က ရှင်းလင်းဖြေကြားရာတွင် တရားရုံးအဆင့်ဆင့်သည် တရားစွဲဆိုလာသည့် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုခင်းများကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ကြရပါကြောင်း၊ ပြစ်မှုဆိုင်ရာ အမှုများမှာ အချုပ်တရားခံအမှုများ ပါဝင်သဖြင့် ကြန့်ကြာမှုမရှိစေရန်၊ မြန်ဆန်စွာ ပြီးပြတ်စေရန် ဦးစားပေး စစ်ဆေးစီရင်ကြရပါကြောင်း၊ အလားတူ တရားမမှုခင်းများကိုလည်း မှန်ကန်မြန်ဆန်စွာ ပြီးပြတ်စေရေးအတွက် စစ်ဆေးစီရင်ကြရပါကြောင်း၊ သို့သော် တရားမမှုခင်းများမှာ ပုဂ္ဂလိက အချင်းချင်း ပုဂ္ဂိုလ်ရေးအရ ပစ္စည်းခန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ဖြစ်ပွားကြသည့် အမှုများဖြစ်သဖြင့် နှစ်ဖက်အပြိုင်အဆိုင် အငြင်းပွားကြခြင်း၊ ရှေ့နေများ ငှားရမ်း၍ အမှုပြိုင်ဆိုင်ကြခြင်း၊ ကြားဖြတ်အမိန့်များ မကြာခဏ ချမှတ်ရခြင်း၊ ထိုကြားဖြတ်အမိန့်အတိုင်း ရှေ့နေများက အထက်တရားရုံးအဆင့်ဆင့်သို့ အယူခံမှု၊ ပြင်ဆင်မှုများ တက်ရောက်ခြင်းကြောင့် တရားမမှုခင်းများမှာ မလိုလားအပ်ဘဲ အချိန်ကြန့်ကြာနေရသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ တရားရုံးချုပ်က တရားမမှုများကို မြန်မြန်ဆန်ဆန် စစ်ဆေးပြီးပြတ်ရန်အတွက် တရားမမှုများပြားသည့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် တရားမမှုခင်းများကို သီးခြား စစ်ဆေးစီရင်ရန်အတွက် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် (၂၀) နှင့် မန္တလေးတိုင်းအတွင်းရှိ (၄) မြို့နယ်တို့၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် တရားမမှုလမှုများကို တရားမတရားသူကြီးများဖြင့် သီးခြား စစ်ဆေးစီရင်ရန် တရားရုံးချုပ်က အမိန့်အမှတ် ၁/၉၂ ဖြင့် စမ်းသပ်တာဝန်ပေး ဆောင်ရွက်စေခဲ့ပါကြောင်း၊ သို့သော်လည်း တရားမမှုခင်းများကို သိသိသာသာ မြန်ဆန်ပြီးပြတ်စေရန် စစ်ဆေးစီရင်နိုင်ခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ တရားမမှုများကို သီးခြားတရားရုံးများဖြင့် စစ်ဆေးစီရင်ခြင်းအားဖြင့် ပိုမိုထူးခြားလာမှုမရှိသဖြင့် တရားမမှုများကို သီးခြားတရားရုံးများဖြင့် စစ်ဆေးစီရင်သည့်စနစ်ကို ၁၉၉၈ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းခဲ့ရပါကြောင်း။

ထို့ကြောင့် ယခင်တရားရုံးချုပ်က တရားမတရားရုံးများ ဖွဲ့စည်း၍ တရားမမှုများကို သီးခြားစစ်ဆေးစီရင်စမ်းသပ်ခဲ့သည့် အတွေ့အကြုံအရ ပိုမိုထူးကဲ၍ တရားမမှုများ မြန်ဆန်ပြီးပြတ်သွားမှု မရှိသကဲ့သို့ တရားသူကြီးများ၏ တရားမမှုနှင့် ပြစ်မှုနှစ်မျိုးစလုံးကို ကျွမ်းကျင်စွာ စစ်ဆေးစီရင်နိုင်ရမည့် အရည်အချင်းကို လည်း ထိခိုက်လာစေနိုင်သော

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်။

ကြောင့် တရားမမှုများကို သီးသန့် စစ်ဆေးစီရင်ရသော တရားရုံးများ ဖွဲ့စည်းဆောင်ရွက်သွားရန် အစီအစဉ် မရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားစီရင်ရေးဆိုင်ရာ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မဟာဗျူဟာလုပ်ငန်းအစီအစဉ်ထဲတွင် နှစ်ချီကြာနေသည့် တရားမမှု အမြန်ပြီးပြတ်ရေး၊ အမှုများ ကြန့်ကြာမှုမရှိဘဲ ပြီးပြတ်သင့်သည့်အချိန်တွင် ပြီးပြတ်စေရေး စီမံချက်များပါရှိပါကြောင်း၊ စီမံချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း၏ **"လားရှိုးမြို့တွင် အချက်ပြသတိပေးမီးနှင့် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် လက်ရှိအသုံးပြုတပ်ဆင်ထားသည့် မီးပွိုင့်(၄) ခုအနက် ပျက်စီးနေသော မီးပွိုင့် (၃) ခုအား အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် လားရှိုးမြို့တွင်ရှိသော အမှတ် (၆၅) ယာဉ်ထိန်းတပ်ဖွဲ့စု အနေဖြင့် လားရှိုးမြို့ပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ စတင်ကာ လားရှိုးကြီး လမ်းဆုံမီးပွိုင့်၊ နမ္မတူ လမ်းဆုံမီးပွိုင့်၊ ခိုလောင်းလမ်းဆုံမီးပွိုင့်၊ မန္တလေး လမ်းဆုံမီးပွိုင့်တို့ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ယာဉ်စည်းကမ်း ရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲကာ အသုံးပြုခဲ့ပါကြောင်း။

အဆိုပါမီးပွိုင့်များမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်ကာ ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ သုံးစွဲသည့်ကာလ ကြာမြင့်လာသောကြောင့် လည်းကောင်း မီးပွိုင့်အားထိန်းသိမ်းထားရှိသော Control ပိုင်းများနှင့် Service ကြိုးပိုင်းများမှာ ပျက်စီးခဲ့ပါကြောင်း၊ ပျက်စီးယိုယွင်းနေသော မီးပွိုင့်အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်၍ သုံးစွဲဆောင်ရွက်လျက်ရှိရာ ခိုလောင်းလမ်းဆုံမီးပွိုင့်နှင့် နမ္မတူလမ်းဆုံမီးပွိုင့်တို့မှာ လက်ရှိအသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ် (၆၅) ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် လားရှိုးမြို့ပေါ်တွင် လူနေမှုထူထပ်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးလှဆွေ။

သိပ်သည်းလာ၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ များပြားလာသည့်အတွက်ကြောင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် မီးပွိုင့်များ မတိုးချဲ့မီအချက်ပြသတိပေး (မှိတ်တုတ်မီးဝါ) များအား မယ်တန်လမ်းဆုံတွင်(၃)ခု၊ ရေပန်းလမ်းဆုံတွင်(၃)ခု တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ လားရှိုးမြို့ပေါ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်ကြောရှုပ်ထွေးသည့် နေရာများအား ကွင်းဆင်း၍ မီးပွိုင့်များ၊ Slow Down များအား ထပ်မံတပ်ဆင်အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် လက်ရှိအသုံးပြုနေသော မီးပွိုင့်များအား လက်ရှိအနေအထားထက် ကောင်းမွန်စေရန် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးနေသော မီးပွိုင့်များအား ပြုပြင်၍ မရပါက အသစ်ထပ်မံတပ်ဆင်နိုင်ရေးကို ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်အတွက် တစ်ပိုဒ်ချင်းစီ အလိုက်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ၊ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။ **(သတင်းစဉ်)**

ကုသိုလ်လည်းရ ဝမ်းလည်းဝ
ကျသင့်အခွန်၊ တို့ကျေပွန်

အပစ်အခတ်ရပ်စဲရေး(မူကြမ်း) လက်မှတ်ရေးထိုးနိုင်မှုအပေါ် "အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ သဘောထားကြေညာချက်"

ရက်စွဲ။ ။ ၂၀၁၅ခုနှစ်၊ ဧပြီ (၂) ရက်။

မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ရှေ့မှောက်၌ အပစ်အခတ်ရပ်စဲရေးမူကြမ်းကို UPWC နှင့် NCCT နှစ်ဖက်သောအဖွဲ့များမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤသည်မှာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ပင်လုံစိတ်ဓာတ်ဖြင့် လွှမ်းခြုံအပ်သော သမိုင်းဝင် ခြေလှမ်းတစ်ရပ်ဟု ကျွန်ုပ်တို့ NDF ပါတီက မှတ်ယူပါသည်။ ဤသမိုင်းဝင်ခြေလှမ်းကို ငြိမ်းချမ်းရေးအား မြတ်နိုးသူ၊ နိုင်ငံနှင့် ပြည်သူ တစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာများကို မြင်တွေ့နေလိုသူ မည်သူမဆို ကြိုဆိုကြမည်မလွဲဟူ၍လည်း ယုံကြည်ပါသည်။

တစ်ဖန်တွင်လည်း ဤအပစ်အခတ်ရပ်စဲရေးမူကြမ်းကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်မထိုးမီ ပြည်သူများကိုချပြသွားမည်ဟု (NCCT) တာဝန်ရှိခေါင်းဆောင်များက ထုတ်ဖော်ပြောကြားကြပါသည်။ ဤသို့သော ထုတ်ဖော်ပြောဆိုမှုများသည် အပစ်အခတ်ရပ်စဲရေးမှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် လက်နက်ကိုင်ထားသူများအတွက်သာ မဟုတ်တော့ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်ပါ သက်ဆိုင်သည်ကို အတိအလင်းဖော်ပြရာရောက်ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည် နှစ်ဖက်လက်နက်ကိုင်အဖွဲ့များအတွက်ထက် ပြည်သူများအတွက် ငြိမ်းချမ်းရေးဖြစ်သည်ဟူသော သဘောသက်ဝင်လာပြီ ဖြစ်၍ ဤသဘောထားကို ကျွန်ုပ်တို့ NDF ပါတီမှ လေးနက်စွာထောက်ခံကြိုဆိုလိုက်ပါသည်။

ဤရွှေ့ဤမျှ အခက်အခဲများကို ကျော်လွှားရ၍ ပေါင်းစုကြိုးပမ်းမှုကြောင့် လက်ဝယ်ရရှိခဲ့သည့်မူကြမ်းဖြင့် နိုင်ငံနှင့် လူမျိုးများအားလုံးတို့၏ အကျိုးကိုရှေးရှု၍ တိုင်းရင်းသားထိပ်သီးခေါင်းဆောင်များအနေဖြင့်လည်း ပြည်သူများ၏ ငြိမ်းချမ်းရေးလိုလားမှုကြီးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ NDF ပါတီမှ ရိုးသားစွာ ထင်မှတ်လျက်ရှိပါသည်။

သို့ဖြစ်ရာ နိုင်ငံရေးစေတနာ၊ ပြည်သူ့အတွက် ငြိမ်းချမ်းရေးရစေရေး စေတနာတို့၏ စေ့ဆော်မှုဖြင့် ယနေ့ ယခု ဆုပ်ကိုင်ထားနိုင်ပြီဖြစ်သော အပစ်အခတ်ရပ်စဲရေးစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)နှင့် တိုင်းရင်းသားထိပ်သီးခေါင်းဆောင်များက ကတိကဝတ်များကို ထိန်းသိမ်းသယ်ဆောင်၍ ငြိမ်းချမ်းရေးခရီးဖြောင့်ဖြူးစေရန် စိတ်ဝမ်းညီညွတ်စွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

Chin Progressive Party
ချင်း တိုးတက်ရေး ပါတီ
ဗဟိုဌာနချုပ်၊ ရန်ကုန်
Regd. No.26 Since March 24, 2010

ချင်းတိုးတက်ရေးပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကြေညာချက်အမှတ်-(၂/၂၀၁၅)

ရက်စွဲ။ ။ ၂၀၁၅ခုနှစ်၊ ဧပြီ (၁) ရက်။

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ(UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA)ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်၏နောက်ဆုံးမူကြမ်းတွင်ပါဝင်သည့်အချက်များ အားလုံးကို ၂၀၁၅ ခုနှစ် မတ်လ(၃၁) ရက်နေ့တွင် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများအတွက် တန်ဖိုးမဖြတ်နိုင်သော ရလဒ်တစ်ခုဖြစ်ကြောင်း ချင်းတိုးတက်ရေးပါတီက ရှုမြင်ပါသည်။

၂။ ယခုကဲ့သို့ ရလဒ်ကောင်းများ ရရှိလာအောင် တစိုက်မတ်မတ်ကြိုးပမ်းလာခဲ့ကြသော ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT) အဖွဲ့ဝင်များ၏ နိုင်ငံတော်နှင့်နိုင်ငံသူ နိုင်ငံသားများအပေါ်ထားရှိသော မွန်မြတ်စိတ်ထားကောင်းများအပေါ် ချင်းတိုးတက်ရေးပါတီအနေဖြင့် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ရာစုနှစ်ဝက်မက ရှည်ကြာသည့်ပဋိပက္ခများကို အချိန်တိုအတွင်း ဒီမိုကရေစီနည်းကျကျ ဆွေးနွေးညှိနှိုင်းမှုဖြင့် ပြေလည်မှုရရှိလာခြင်းမှာ ခက်ခဲသောလုပ်ငန်းစဉ်ဖြစ်ကြောင်းကို ချင်းတိုးတက်ရေးပါတီအနေဖြင့် နားလည်စာနာသကဲ့သို့ မကြာမီနေပြည်တော်တွင် နှစ်ဖက်ထိပ်သီးခေါင်းဆောင်များ လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ပါကြောင်းနှင့် အများပြည်သူမျှော်လင့်နေသော နိုင်ငံရေးဆွေးနွေးပွဲကြီးကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မတိုင်ခင် အောင်မြင်စွာကျင်းပနိုင်ရေးကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ချင်းတိုးတက်ရေးပါတီ

Ethnic Political Parties Alliance
NBF NATIONALITIES BROTHERHOOD FEDERATION

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုး အတည်ပြုနိုင်ခြင်းအပေါ် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF) ၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၁၅ ခုနှစ် ဧပြီ (၁) ရက်။

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement) စာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) နှစ်ဖက်ကိုယ်စားလှယ်များ ၂၀၁၅ ခုနှစ် မတ်လ (၃၁)ရက်နေ့တွင် Myanmar Peace Centre ၌ သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခြင်းအားညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း (NBF) မှ လှိုက်လှဲစွာ ကြိုဆိုပါသည်။

၂။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် လက်မှတ်ရေးထိုးထားသော (Deed of Commitment for Peace and National Reconciliation) အပိုဒ် ၅တွင်ဖော်ပြထားသည့် "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA-Nationwide Ceasefire Agreement) အပြီးသတ်လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အမြန်ဆုံးရေးဆွဲခြင်းနှင့် သဘောတူညီသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ပဏာမနိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၅ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမတိုင်မီကျင်းပနိုင်ရေးအတွက်ပူးပေါင်းဆောင်ရွက်ရန်"ဆိုသည့် အချက်အား အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုက်တွန်းအပ်ပါသည်။

၃။ နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအနေဖြင့် နိုင်ငံသားများလိုလားတောင့်တနေသည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် NCA ကို အမြန်ဆုံးလက်မှတ်ရေးထိုးပြီး နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်အမြန်ဆုံးချမှတ်ကာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ (Political Dialogue) ကျင်းပခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရေးအတွက် NCA ကိုအမြန်ဆုံး လက်မှတ်ရေးထိုးရန် NBF မှ တိုက်တွန်းအပ်ပါသည်။

စိမ်ခန့်ခွဲမှုကော်မတီ NBF

No. 09/05, Room (905), Lanmadaw Plaza, Lanmadaw Street, Latha Township, Yangon, Myanmar.
Ph: 09-2450583, E-mail: nbf.myanmar@gmail.com, Facebook: www.facebook.com/nbf.myanmar

---

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၏ တာဝန်ပေးချက်အရ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) များမှနှစ်ဖက်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် **"တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း"** (Final Draft) ကို ၂၀၁၅ ခုနှစ် မတ်လ (၃၁) ရက်နေ့၌ နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင် အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်သည့်အတွက် Htoo Group of Companies နှင့် Htoo Foundation တို့မှ အထူးပင်ဝမ်းမြောက်မိပါသည်။

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားအတွက်ငြိမ်းချမ်းရေးသည် အထူးအရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်သည်ဟု ယုံကြည်မိသည့်အလျောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစိတ်အပိုင်းများတွင်မိမိတို့ တတ်စွမ်းသည့်နေရာမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၌ ပါဝင်ကူညီဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းအတွက် မိမိတို့ Htoo Group of Companies နှင့် Htoo Foundation တို့မှ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

HTOO GROUP OF COMPANIES

Htoo Foundation
our environment • our value • our culture

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မူကြမ်းသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်းနေထိုင်ကြသော ပြည်သူလူထုအသီးသီးတို့သည်ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီးအေးချမ်းဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုလားတောင့်တလျက်ရှိကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(National Ceasefire Agreement-NCA)ကို ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း ပြုစုရေးဆွဲနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်အလင်းတန်းများပေါ်ထွက်လာပြီဖြစ်သည့်အပြင် မကြာမီ ငြိမ်းချမ်းရေးရရှိင်ဖို့အတွက်လည်း ဤအသင်းချုပ်အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့က ကြေညာချက်များထုတ်ပြန်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယားတို့က မတ် ၃၁ ရက်တွင် ကြေညာချက်များထုတ်ပြန်ခဲ့ကြသည်။

Yangon, 31 March 2015

LOCAL STATEMENT OF THE EUROPEAN UNION

AND EUROPEAN UNION MEMBER STATE EMBASSIES ACCREDITED TO MYANMAR/BURMA

The Heads of Mission of the European Union accredited to Myanmar welcome the successful conclusion of the 7th round of negotiations between the Myanmar Government and the ethnic armed groups at the Myanmar Peace Centre. Preliminary agreement appears to have been reached among the negotiating teams of all parties on the text for a Nationwide Ceasefire Agreement. We hope that this will prove to be a milestone for the Myanmar peace process, all the more as the EU has been financing and politically supporting the peace process since its early beginnings in 2011. The EU has endeavoured to provide assistance in a balanced way to parties, including the ethnic stakeholders.

ဥရောပသမဂ္ဂ

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံသံရုံးများ၏ကြေညာချက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား (၇)ကြိမ်မြောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲအား အောင်မြင်စွာ အဆုံးသတ်နိုင်မှုအပေါ် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ မစ်ရှင်အကြီးအကဲများက ကြိုဆိုကြောင်း၊ ဥရောပသမဂ္ဂ အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်စဉ်ကတည်းကပင် ငွေကြေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း ပံ့ပိုးမှုပြုခဲ့သည်ဖြစ်ရာ မိမိတို့အနေဖြင့် ဤသဘောတူညီချက်မူကြမ်းသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဟု မျှော်လင့်ကြောင်း၊ ဥရောပသမဂ္ဂသည် တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းများတွက် ညီတူညီမျှ အကူအညီပေးရန် ကြိုးပမ်းခဲ့ကြောင်း၊ စိန်ခေါ်မှုများနှင့် စိုးရိမ်မှုများရှိနေသည်ဟု သဘောပေါက်လင့်ကစား နှစ်ဖက်စလုံးအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအစား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဖြင့် မကျေနပ်ချက်များ ဖြေရှင်းရန် လိုအပ်သည်ဟု သဘောပေါက်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား လာမည့်ရက်သတ္တပတ်များအတွင်း လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ထားပြီး နိုင်ငံရေးဆွေးနွေးပွဲပူးတွဲမူဘောင်ဆိုင်ရာ လူတိုင်းပါဝင်သောလုပ်ငန်းများကို စတင်တွေ့ရတော့မည်ဟု မျှော်လင့်ကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ဆယ်စုနှစ်များစွာကြာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ဘုံရည်မှန်းချက်များကို အောင်မြင်စေရန် ဆက်လက်ပံ့ပိုးရန်နှင့် မြန်မာပြည်သူများ၏ ကောင်းမွန်သောအနာဂတ်အတွက် အခြေခံအုတ်မြစ်ကို ဖော်ဆောင်ပေးရန် အသင့်ရှိကြောင်းဖြင့် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဤပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်မှုရရှိရန် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် ပကတိ စိတ်ထားအမှန်ဖြင့် ကြိုဆိုကြောင်း၊ ဂျပန်အစိုးရသည် ဂျပန်အစိုးရ၏အထူးသံတမန် မစ္စတာ ဆာဆာကာဝါနှင့် အတူ မြန်မာအစိုးရနှင့် တိုင်းရင်းသားလူနည်းစုများအကြား အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အောင်မြင်ရေးလုပ်ငန်းစဉ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံက ငါးနှစ်တာကာလအတွင်း ဂျပန်ယန်းငွေ ၁၀ ဘီလီယံ ထောက်ပံ့မည့်အစီအစဉ်ကို ကြေညာခဲ့ပြီး ပဋိပက္ခ ဖြစ်ပွားရာနယ်မြေများရှိပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရန်ကိုလည်း ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ဤသဘောတူညီစာချုပ်၏ ရလဒ်တစ်ခုအဖြစ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ပါ လက်မှတ်ရေးထိုးမှုကို မဆိုင်းမတွ ဖြစ်ပေါ်လာမည်ဖြစ်ပြီး တိုင်းရင်းသားလူနည်းစုနယ်မြေများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ဦးတည်လာစေမည်ဟု ဂျပန်နိုင်ငံက ခိုင်ခိုင်မာမာ မျှော်လင့်ပါကြောင်း၊ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း နှစ်ပေါင်း ၇၀ ကြာ ငြိမ်းချမ်းသောလမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန

နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံအတွင်း ပဋိပက္ခကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီး Borge Brende က ပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ်တည်ဆောက်မှုမလုပ်ဆောင်မီ ဖြေရှင်းရန်လိုအပ်နေသေးသည့် စိန်ခေါ်မှုများမှာ ရှုပ်ထွေးပွေလီလှကြောင်း၊ ယခုသဘောတူညီချက်စာချုပ်မူကြမ်းသည် အလွှာပေါင်းစုံပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲတစ်ရပ်အတွက် ကနဦးခြေလှမ်းဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဖြစ်ပွားသည့်ပဋိပက္ခကို နိုင်ငံရေးနည်းဖြင့် အဖြေရှာခြင်းသည်မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒီမိုကရေစီလုပ်ငန်းစဉ်အတွက် အရေးကြီးသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးမူကြမ်းအပေါ် သဘောတူညီချက်ရရှိခြင်းသည် နိုင်ငံတော်အတွင်း တရားမျှတပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ်ရရှိရန် ကြိုးပမ်းအားထုတ်မှုများကို ဖြစ်ပေါ်စေမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ နော်ဝေအစိုးရအနေဖြင့် ယင်းကြိုးပမ်းအားထုတ်မှုများအပေါ် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နော်ဝေအစိုးရသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့များ၏ကြိုးပမ်းမှုကို ၂၀၁၂ ခုနှစ်ကတည်းက ကူညီပံ့ပိုးခဲ့ကြောင်းဖြင့် ဖော်ပြပါရှိသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယား

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီးယား၏ ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အရေးကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးပွဲများကို ကျယ်ပြန့်စွာကျင်းပနိုင်ရန် ပထမခြေလှမ်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် ပြည်သူအားလုံးပါဝင်ပြီး သဟဇာတဖြစ်သည့်အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုံး မတော်တဆကျရောက်မှုကြောင့် မြန်မာအစိုးရနှင့်တပ်မတော်ကိုယ်စား တောင်းပန်စကားပြောကြားခဲ့ အလားတူဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် မြန်မာကိုယ်စားလှယ်အဖွဲ့အား ခေါင်းဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ဧပြီ ၁ရက်မှ ၂ ရက်အထိ သွားရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွန်ချောင်နှင့် ပြည်သူ့ခန်းမဆောင်ကြီးတွင်လည်းကောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့်တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနတွင်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသောဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လက်ထောက်စစ်ဦးစီးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မာယိမင်နှင့်လည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး ဖန်ဖန်းဝေနှင့်လည်းကောင်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံမှုများအတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုက်ပွဲများနှင့်ဆက်စပ်၍ မတ် ၁၃ရက် ဖြစ်စဉ်တွင် ယူနန်ပြည်နယ် လင်ချန်းခရိုင်တာ့ရွှေရှန်းထုကျေးရွာအနီးနှင့် ကြံစိုက်ခင်းတို့တွင် မြန်မာ့တပ်မတော်ပုံး မတော်တဆကျရောက်မှုကြောင့် တရုတ်နိုင်ငံသား ငါးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ခြင်းအတွက် မြန်မာအစိုးရနှင့်တပ်မတော်ကိုယ်စား တောင်းပန်စကားပြောကြားခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအား ထိုက်သင့်သည့်ပေးလျော်မှုများပြုလုပ်သွားရေးကိုလည်း နှစ်ဖက်ဆက်လက်ဆွေးနွေးသွားရန် သဘောတူညီခဲ့ကြသည်။ ယင်းမတော်တဆဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ အလားတူ ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြသည်။

ထို့ပြင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်အပေါ် အခြေခံ၍ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ဧပြီ ၃ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ဒေါ်လာ ၁၅ သိန်းတန်ဖိုးရှိ ပန်းချီကားချပ်လျှုဒါန်းမည်

ရန်ကုန် ဧပြီ ၂

တရုတ်-မြန်မာချစ်ကြည်ရေးအသင်း (China-Myanmar Friendship Association)က ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၁၅ သိန်းတန်ဖိုးရှိ အလျား ခြောက်မီတာရှိ "Dun Huang Copy Painting" ပန်းချီကားတစ်ချပ်ပေးအပ်လျှုဒါန်းမှုကို ဧပြီ ၅ ရက် (တနင်္ဂနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ဓာတ်လှေကားအဆောင်သစ် အထူးဧည့်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကိုချစ်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကာတွန်းပြိုင်ပွဲကျင်းပ

ပဲခူး ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနနှင့် Heineken Co.,Ltd. တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကာတွန်းပြိုင်ပွဲကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးမြို့ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ K.M Mark ဆိုင်ရှေ့၌ ကျင်းပခဲ့သည်။

ထိုပြိုင်ပွဲတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်ပတ်သက်၍ပြည်သူများ၏ ပြောကြားမှုများကို ကာတွန်းဆရာများက သရုပ်ဖော်ကာတွန်းပုံများဆွဲပေးပြီး ပြိုင်ပွဲဝင်ခဲ့သည်။ ယင်းကာတွန်းပြိုင်ပွဲကို ဧပြီ ၂၅ ရက်အထိ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ မိတ္ထီလာနှင့် မန္တလေးမြို့များမှ ပြည်သူများ၏ ကာတွန်းများ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၁၀ သိန်း ၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း အသီးသီးဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်(မြန်/ဆက်)

ငြိမ်းချမ်းရေးတံခါးပွင့်လာမှုအပေါ် ဒေသခံပြည်သူများ၏ သဘောထားအမြင်များ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်ကို မတ် ၃၁ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်သည့်အပေါ် ဒေသခံပြည်သူတချို့၏ သဘောထားအမြင်များကို တင်ပြလိုက်ပါသည်။

ဦးသန်းအောင်ဝင်း(လက်လုပ်လက်စား)

အခုလို ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်တဲ့အပေါ် ဝမ်းသာပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လို အခြေခံလူတန်းစားတွေအတွက် ပိုပြီးတော့ ဝမ်းသာပါတယ်။ နယ်မြေအေးချမ်းမှုမရှိဘဲ တိုက်ပွဲတွေဖြစ်နေတဲ့အခြေအနေမှာ လုပ်ကိုင်စားသောက်ရတာမလွယ်ကူပါဘူး။ မြစ်ကြီးနား ဖားကန့်ဒေသဘက်ထိ ကျွန်တော်သွားရောက်ပြီးတော့ ရွှေရှာ၊ ကျောက်တူးအလုပ်သွားလုပ်ဖူးပါတယ်။ နယ်မြေငြိမ်းချမ်းမှုမရှိဘဲတိုက်ပွဲတွေဖြစ်တဲ့အချိန်ဆိုဒေသခံတွေရော၊ အဲဒီမှာလာရောက်လုပ်ကိုင်ကြတဲ့လူတွေအားလုံး နေ့စဉ်စိုးရိမ်ထိတ်လန့်တဲ့ အနေထားမျိုးတွေကြုံတွေ့ခံစားခဲ့ကြရတယ်။ အခုလိုငြိမ်းချမ်းရေးအတွက် အားလုံးပါဝင် သဘောတူလက်မှတ်ရေးထိုးမှု အောင်မြင်ခဲ့ပြီဆိုတော့ နောက်ဆို နေရာဒေသမရွေး အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်နိုင်တော့မှာ ဖြစ်ပါတယ်။

ဦးဝင်းနိုင်(မေတ္တာရေကြည်အာမဲ့ဆေးခန်း)

နယ်မြေမအေးချမ်းတဲ့ဒေသတွေက ပြည်သူတွေအတွက် ပိုပြီးဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မငြိမ်းချမ်းဘဲတိုက်ပွဲတွေဖြစ်နေတဲ့ ဒေသတွေမှာ ကျွန်းမာရေးစောင့်ရှောက်မှုတွေ ကောင်းစွာရရှိခံစားနိုင်ခြင်းမရှိခဲ့ကြဘူး။ အခုလိုတိုက်ပွဲတွေ မရှိအောင် တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအတည်ပြုချက်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဆိုတော့ အဲဒီဒေသတွေ မကြာခင် အေးချမ်းလာတော့မှာ ဖြစ်သလို ဒေသခံပြည်သူတွေအနေနဲ့လည်း ကျွန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုကောင်းစွာ ရရှိခံစားနိုင်တော့မှာ ဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပလူမှုအဖွဲ့အစည်းတွေ အနေနဲ့လည်း ကျွန်းမာရေး၊ပညာရေး အဘက်ဘက် ပံ့ပိုးကူညီစောင့်ရှောက်မှုပေးနိုင်တော့မယ်ထင်ပါတယ်။ အဲဒီလိုဖြစ်လာမယ်ဆိုရင် ဒေသခံပြည်သူတွေအတွက် အများကြီးဝမ်းမြောက်စရာပါ။ ပင်လုံစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း၊ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် နှစ်ပေါင်း ၆၀ ကျော် အဆက်ဆက်ကြိုးစားလာခဲ့ကြတာဒီနေ့ဒီအချိန် ဒီလိုအခြေအနေမျိုးအထိ ဖြစ်လာတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်မိပါတယ်။

ဦးဇော်ဦး(မိတ္ထီလာကုန်စည်ဒိုင် ကုန်သည်ကြီးများအသင်း တွဲဖက်အတွင်းရေးမှူး)

အခုလိုငြိမ်းချမ်းရေးရရှိတော့မယ်ဆိုတော့ ဝမ်းသာတယ်ဗျ။ နှစ်ဆနှစ်မျိုးဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ နယ်မြေမအေးချမ်းတဲ့ ဒေသက ပြည်သူတွေအနေနဲ့ ဝမ်းသာတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးရရှိတဲ့အခါ တိုက်ပွဲတွေဖြစ်တုန်းက အသုံးပြုခဲ့တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ၊ စစ်တိုက်တဲ့ ကုန်ကျစရိတ်တွေကို ဒေသဖွံ့ဖြိုးရေးဘက်မှာ အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်တဲ့အတွက် ဝမ်းသာတယ်။ အဲဒါကြောင့် နှစ်ဆနှစ်မျိုး ဝမ်းသာမိတယ်။ ပြီးတော့ ကျွန်တော်တို့ ကုန်သည်ပွဲစားတွေအနေနဲ့ဆိုရင်လည်း မငြိမ်းချမ်းတဲ့ နယ်မြေဒေသက လိုအပ်တဲ့ကုန်စည်စီးဆင်းမှုဆိုင်ရာ အချက်အလက်တွေကို မရှိနိုင်ခဲ့သလို အဲဒီဒေသကထွက်ရှိတဲ့ ကုန်စည်အမျိုးမျိုးရဲ့ သတင်းအချက်အလက်တွေကိုလည်း မသိနိုင်ဘူး။ အဲဒီတော့ ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့ဖို့ အခက်အခဲတွေ ကြုံတွေ့ရတယ်။ အဲဒီဘက်ကဒေသခံတွေနဲ့လည်း နယ်မြေငြိမ်းချမ်းမှုအခြေအနေအရ ရင်းရင်းနှီးနှီးဖြစ်ခွင့်မရခဲ့ဘူး။ အခုလို ငြိမ်းချမ်းရေးသဘောတူစာချုပ်မူကြမ်းအတည်ပြုချက် လက်မှတ်ရေးထိုးနိုင်ပြီး ဆက်လက်ပြီးငြိမ်းချမ်းရေးရှိမယ်ဆိုရင် နေရာဒေသမရွေး ကုန်စည်စီးဆင်းမှုတွေ ပိုမိုချောမွေ့မြန်ဆန်လာပြီး သက်ဆိုင်ရာဒေသတွေလည်းလျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် အခုလိုသဘောတူစာချုပ်မူကြမ်းအတည်ပြုချက်လက်မှတ်ရေးထိုးနိုင်တာကို အားလုံးအတွက် ဝမ်းသာကြည်နူးမိပါတယ်ဗျာ။

ချမ်းသာ(မိတ္ထီလာ)

ဦးရဲထွန်း(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ဒီလို လက်မှတ်ထိုးနိုင်တယ်ဆိုတာ အင်မတန်ကို ဝမ်းသာစရာကောင်းတဲ့ကိစ္စပါ။ ကျွန်တော်တို့ကလည်း ဒီလိုမှ ဖြစ်လာပါ့မလားလို့ စိတ်ပူနေတာ။ တိုင်းရင်းသားတွေနဲ့ မပြိုကွဲနိုင်တဲ့ စည်းလုံးညီညွတ်တဲ့ ပြည်ထောင်စုကြီးကိုသွားဖို့ နိုင်ငံရေးအရ ဆွေးနွေးချက်တွေက အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွေမှာ အခြေခံအားဖြင့် အပစ်အခတ် ရပ်စဲထားနိုင်မှ အောင်မြင်မှာပါ။ အပစ်အခတ်ရပ်စဲမထားဘဲနဲ့ နိုင်ငံရေးဆွေးနွေးတယ်ဆိုရင် အဲဒီစစ်ပွဲတွေက နိုင်ငံရေးဆွေးနွေးပွဲတွေအပေါ်မှာ ဂယက်ရိုက်ခတ်လာနိုင်တယ်။ အဲဒီလို တစ်ဖက်က တိုက်ရင်း၊ တစ်ဖက်က ဆွေးနွေးတာကိုတော့ အောင်မြင်လိမ့်မယ်လို့ ကျွန်တော်တို့က မယုံကြည်ဘူး။ ဒါကျွန်တော့်ရဲ့ အတွေ့အကြုံအရ ပြောတာပါ။ ဒါကြောင့် အခုလို လက်မှတ်ရေးထိုးနိုင်တာ အများကြီးဝမ်းသာပါတယ်။ နိုင်ငံတော်အနေနဲ့လည်း နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက်လုပ်နိုင်ပါစေ။ တစ်ဖက်ကလည်း စိတ်ရင်းစေတနာကောင်းကောင်းနဲ့ ငြိမ်းချမ်းရေးရစေချင်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မျှမျှတတဖြစ်စေချင်တဲ့စိတ်နဲ့ ဆွေးနွေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်

ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ သမ္မတကြီးတို့၊ ဝန်ကြီး ဦးအောင်မင်းတို့ လုပ်နေတာကို အမြဲတမ်းအောင်မြင်ပါစေလို့ ဆုတောင်းနေခဲ့တာပါ။ သမ္မတကြီးကိုရော၊ အစိုးရအဖွဲ့က ပုဂ္ဂိုလ်တွေအားလုံးကိုရော တိုင်းပြည်အပေါ်မှာတကယ်ချစ်ပြီး တကယ်စေတနာထားပြီး ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်အောင်ကြိုးစားပေးနေတာ အလွန်ကို ကျေးဇူးတင်ပါတယ်။

အခုလို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးနိုင်တာ အလွန်ကိုဝမ်းသာပါတယ်။ အဘွားရှစ်နှစ်အရွယ်ကတည်းက ဒုတိယကမ္ဘာစစ်နဲ့ ကြုံခဲ့ရတယ်။ လွတ်လပ်ရေးရပြီးတော့လည်း ကွန်မြူနစ်သူပုန်အောက်မှာရော၊ ရဲဘော်ဖြူအောက်မှာရော၊ ကေအင်နီဒီအို အောက်မှာပါ ကြီးပြင်းခဲ့ရတာပါ။ အေးအေးချမ်းချမ်းမနေခဲ့ရပါဘူး။ ပညာလည်း ကောင်းကောင်းမသင်ခဲ့ရဘူး။ အဘွားရဲ့အမေက အသည်းအသန် နေမကောင်းဖြစ်လို့ ဆေးခန်းပြတာ၊ ဆေးထိုးတာမလုပ်နိုင်လို့ အမေသေခဲ့ရတယ်။ ဒါကြောင့် ပြည်တွင်းစစ်ဆို အဘွားက ဖြစ်ကိုမဖြစ်စေချင်တော့တာ။ နယ်စပ်မှာမငြိမ်းချမ်းဘူး။ တဝိုင်းဝိုင်းနဲ့ စစ်ဖြစ်နေတဲ့အချိန် ရန်ကုန်မှာ အေးအေးချမ်းချမ်းနေနေရပေမယ့် အဘွားစိတ်မချမ်းသာခဲ့ပါဘူး။ တစ်နိုင်ငံလုံး အေးချမ်းစေချင်ပါတယ်။ အဘွား တိုင်းပြည်အေးချမ်းပါစေလို့ရည်ရွယ်ပြီး ပရိတ်ရွတ်နေတာ လာမယ့် ဧပြီ ၁၈ ရက်မှာဆို ၃၆၅ ရက်ပြည့်ပြီ။ အဘွားတို့ အရွယ်က စည်းရုံးရမယ့် အရွယ်လည်း မဟုတ်သလို၊ တိုက်ရမယ့်အရွယ်လည်း မဟုတ်တော့ ဆုတောင်းရုံပဲရှိပါတယ်။

ကိုဇေယျ(လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ)

ပြည်သူလူထု ဆင်းရဲတွင်းက အမြန်ဆုံး လွတ်မြောက်ဖို့ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးက အဓိကပေါ့နော်။ လက်ရှိ နိုင်ငံရေးအနေအထားနဲ့ နိုင်ငံတကာအလယ်မှာ ငြိမ်းချမ်းရေး အနှစ်သာရရှိရှိ ထွန်းကားလာမယ်ဆိုရင်ဝမ်းသာတယ်။ ကြိုဆိုတယ်။ ငြိမ်းချမ်းရေးက အနှစ်သာရရှိရှိ ထွန်းကားလာဖို့ဆိုရင်ပြည်တွင်းငြိမ်းချမ်းရေးနဲ့အတူ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး အမျိုးသားပြန်လည်သင့်မြတ်ရေးက ဆက်စပ်နေတာဖြစ်တဲ့အတွက် အနှစ်သာရရှိတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့ဆိုရင် စဉ်းစားပြီး နိုင်ငံရေးအရ အနှစ်သာရရှိတဲ့ဟာတွေ ဆက်လက်လုပ်ကိုင်ရမယ်လို့ထင်တယ်။ အစပျိုးတစ်ခုအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို အတိုင်းအတာတစ်ခုထိဆောင်ရွက်နိုင်ခဲ့တယ်ဆိုရင်တော့ အစကောင်းတယ်လို့ ပြောလို့ရအောင် အပြုသဘောဆောင်ပြီး အနှစ်သာရရှိတဲ့ ငြိမ်းချမ်းရေးအနေအထားကို ထွန်းကားစေချင်တယ်။

ကိုသန့်စင်(ကုမ္ပဏီဝန်ထမ်း)

နှစ်ပေါင်း ၆၀ ကျော်အတွင်း သမ္မတကြီး ဦးသိန်းစိန် အစိုးရ လက်ထက်မှာ လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်တာပြည်သူတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်။ စစ်ပွဲတွေ ထပ်မဖြစ်အောင်လည်း တားပေးပါ။ ပြည်တွင်းစစ်တွေလည်း ထပ်မဖြစ်စေချင်တော့ဘူး။ စစ်ပွဲတွေရဲ့သဘောတရားကတော့ စစ်ဖြစ်ရင် နှစ်ဖက်လုံး အထိနာမှာပဲလေ။ ကြားထဲက ပြည်သူတွေက မြေစာပင်ဖြစ်ရတာပေါ့။ ဘယ်သူ မှားတယ်၊ မှန်တယ်ပြောပြော၊ ကိုယ့်တိုင်းရင်းသား အချင်းချင်းဆိုတော့ မဖြစ်စေချင်ဘူး။ စစ်ဖြစ်တဲ့နေရာတော်တော် များများက နယ်စပ်ကုန်သွယ်ရေးနဲ့ ဆက်စပ်နေတဲ့အတွက် အနည်းဆုံး ပြည်တွင်းမှာ ကုန်ပစ္စည်းဈေးတက်တာတို့ရှိတော့ စစ်ပွဲတွေမရှိရင် စီးပွားရေး လည်း ပိုကောင်းလာမယ်။ နယ်စပ်စီးပွားရေး လမ်းကြောင်းတွေ ပွင့်လာပြီး တိုင်းရင်းသားဒေသတွေလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတာပေါ့။

ဖြိုးသန္တာထက်(ဥပဒေဒုတိယနှစ်၊ ဒဏ်တက္ကသိုလ်)

နယ်စပ်တွေဘက်မှာ မကြာခဏ ဆိုသလို တိုက်ပွဲတွေဖြစ်တာ ကြားနေရပါတယ်။ တကယ်တော့ အားလုံးကို တစ်ပြေးညီ ငြိမ်းချမ်းစေချင်ခဲ့တာပါ။ တိုက်ပွဲဖြစ်နေတဲ့ ဒေသကကျွန်မတို့လို ကျောင်းသား ကျောင်းသူအရွယ်တွေ အားလုံးကို ကျွန်မတို့လိုပဲ အေးအေးချမ်းချမ်း ပညာသင်ခွင့်ရစေချင်ပါတယ်။ အဘိုးပြောပြလို့ အဘိုးတို့ လက်ထက်ကတည်းက ပြည်တွင်းစစ်ဖြစ်တာ ကျွန်မတို့ လက်ထက်အထိပဲ ဆိုတာ သိရပါတယ်။ အခု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရအဖွဲ့က ကျွန်မတို့လက်ထက်မှာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ပြီဆိုတော့ အလွန်ကို ဂုဏ်ယူမိပါတယ်။

(သီသီမင်း)

❖ **ကျောဖုံးမှ**

ထိုပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြေညာထားသည့်ရက်မှ ၁၄ ရက်အတွင်း လျှောက်ထားခြင်း၊ ကန့်ကွက်ခြင်းတို့ လုပ်ဆောင်နိုင်သည်။ မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ မပြောင်းဘဲထားပါက ယခင်နေထိုင်ခဲ့ရာမြို့နယ်၊ ရပ်ကွက်မဲစာရင်းတွင်သာ အမည်စာရင်းနှင့် အချက်အလက်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(၆၈၀)

❍ **မန္တလေးမှ**

(၂၆-ဘီ)လမ်းကျုံးတောင်ဘက်တွင် မြို့တော်ဝန်ရေကစား(အလှပြ)မဏ္ဍပ်နှင့်အတူ ရေကစားမဏ္ဍပ်များဖြစ်သော Alpine မဏ္ဍပ်၊ Tomorrow Land မဏ္ဍပ်၊ Ice Bar မဏ္ဍပ်၊ နန်းမြို့သူ(လပခ)မဏ္ဍပ်၊ M.B.A မဏ္ဍပ်နှင့် DO မဏ္ဍပ်၊ ဆင်ကိုးကောင်းမဏ္ဍပ်၊ သင်္ကြန်မိုးမဏ္ဍပ်၊ PANDORA မဏ္ဍပ်နှင့် (၆၆)လမ်းကျုံးအရှေ့ဘက်တွင် စစစ မဏ္ဍပ်၊ တပ်မတော်လေ မဏ္ဍပ်၊ M. Three မဏ္ဍပ်၊ Jade dragon မဏ္ဍပ်၊ စကားဝါမဏ္ဍပ်၊ ကြံ့နှစ်ကောင်မဏ္ဍပ်၊ Coca Cola မဏ္ဍပ်၊ မျိုးသိန်းအီလက်ထရွန်နစ်မဏ္ဍပ်၊ ဟိုတယ်အသင်းများမဏ္ဍပ်နှင့် လမ်း(၈၀)ကျုံးအနောက်ဘက်တွင် ကိန္နရီရေနန်းမဏ္ဍပ်၊ ကွန်ပျူတာအသင်းမဏ္ဍပ်၊ သူဇာမဏ္ဍပ်၊ ATT မဏ္ဍပ်နှင့် (၁၂)လမ်းကျုံးမြောက်ဘက်တွင် STR ရေကစားမဏ္ဍပ်နှင့် မြို့တွင်းရေကစားမဏ္ဍပ်များမှာ ရတနာမိုးမဏ္ဍပ် (၆၂)လမ်း (၃၇×၃၈)ကြား၊ ဟိုတယ်ဒဂီးမြန်မာ့ရိုးရာမဏ္ဍပ်(၃၅)လမ်း(၇၆×၇၇)ကြား၊ ရှမ်းတိုင်းရင်းသားများမဏ္ဍပ်(၃၅)လမ်း(၇၆×၇၇)ကြား ရတနာတိုင်းပြည်မဏ္ဍပ် (၆၂)လမ်း(၃၈×၃၉)ကြား၊ ဟိုတယ်မန္တလေးမဏ္ဍပ်(၇၈)လမ်း (၃၇×၃၈)ကြားနှင့် တံခွန်မောင်မယ်မှာ တောင်သမန်ဖြတ်လမ်းတို့ဖြစ်ကြပြီး ကန်တော်ကြီးရေကစားမဏ္ဍပ်များမှာ BSE ရေကစားမဏ္ဍပ်၊ ပန်းမျိုးအလက်ဘမဏ္ဍပ်၊ ကုက္ကို၊ကျွန်းမဏ္ဍပ်၊ ဒဏ္ဍာရီရေကစားမဏ္ဍပ်များဖြစ်ကြပြီး မန္တလေးမဟာသင်္ကြန်ပွဲတော်ကို ရှုပ်ရှင်အနုပညာရှင်များနှင့် ဂီတပညာရှင်၊ အဆိုတော်များပါ ပျော်ရွှင်စွာ လာရောက်ဆင်နွဲမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ပြည်တွင်းရေးရာ

"ဒီနေ့ဖိုရမ်မှာ ခေါင်းစဉ်တွေအများကြီးရှိတဲ့အထဲက ကိုယ်ကြိုက်တဲ့ခေါင်းစဉ်ကို ဆွေးနွေးနိုင်ပါတယ်၊ အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်တာတွေ အများကြီးလေ့လာသိရှိရပါတယ်"

မအေးအေးမြင့်(မဟာတန်း၊ မန္တလေးကွန်ပျူတာတက္ကသိုလ်)

မြန်မာနိုင်ငံ၏ဆော့ဖ်ဝဲနည်းပညာလုပ်ငန်းအဆောက်အအုံသည် တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်နှင့်အမျှ လူငယ်များအကြားတွင် ဘဝခရီးလမ်း၌ ခိုင်မာသေချာသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရွေးချယ်လုပ်ကိုင်လျက်ရှိကြပေသည်။ မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲနည်းပညာဆိုင်ရာလုပ်ငန်းများ ယခုထက်ပိုမို တိုးတက်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည့်အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးနေသည့်အပြင် လူငယ်များအကြား နည်းပညာဆိုင်ရာ အသိအမြင်များတိုးတက်စေရေးအတွက် အိုင်တီဆိုင်ရာ နည်းပညာပြပွဲများနှင့် ဆွေးနွေးပွဲကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

အဆိုပါ ပြပွဲများအနက် Myanmar Software Showcase 2015 အမည်ဖြင့် နည်းပညာပြပွဲကိုယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနခွဲကျင်းပခဲ့ရာ နည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၄၀၀ တက်ရောက်လေ့လာပြီး မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ကြသည်။ နည်းပညာပြပွဲ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည် -

ဦးဇော်မင်းဦး(အထွေထွေအတွင်းရေးမှူး၊မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)

Myanmar Software Showcase 2015 ပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ တိုင်းပြည်အတွင်းမှာရှိတဲ့ လူငယ်စွန့်ဦးတီထွင်သူတွေရဲ့ လုပ်နိုင်တဲ့ စွမ်းအားတွေကို ပြသမြေတောင်မြှောက်ပေးဖို့နဲ့ နိုင်ငံအတွင်းမှာရှိတဲ့ ပြည်တွင်းဆော့ဖ်ဝဲကုမ္ပဏီတွေက ရေးသားထားတာတွေကို ပျော်ရွှင်စေနိုင်တဲ့ Game တစ်ခုကိုရေးခွင့်ရရင် ရေးချင်ပါတယ်။

မောင်ညိုဝင်းအောင်(စွန့်ဦးတီထွင်လူငယ်တစ်ဦး)

ကျွန်တော်သင်တန်းကျောင်းတွေ တက်ချင်တယ်။ ဘယ်သင်တန်း တက်ရမလဲဆိုတာ အပြည့်အစုံဖော်ပြပေးတဲ့ Website ဆိုတာရှာလို့မရဘူး။ ကျွန်တော့်လိုပဲ အခက်အခဲတွေ့မယ့်သူတွေရှိမှာပဲလို့ စဉ်းစားမိတာကနေ အခုလိုရေးဖြစ်ခဲ့တာပါ။ သင်တန်းတက်ဖို့သာမကဘူး၊ သင်တန်းတက်ပြီးရင် ဘယ်လိုအလုပ်အကိုင်ရနိုင်သေးလဲဆိုတာကို တစ်ခါတည်းတွဲပြီး ဖော်ပြရင်ကောင်းမယ်လို့ အလုပ်ပါတစ်ခါတည်း ထည့်လိုက်တယ်။ သင်တန်းတက်တဲ့သူက သင်တန်းပြီးရင် ဘာအလုပ်အကိုင်ရမလဲဆိုတာကို တစ်ခါတည်းတွေ့ရမယ်။ အလုပ်ရှာချင်တဲ့သူကလည်း ဒီလိုအလုပ်မျိုးရဖို့ ဘယ်သင်တန်းတွေ တက်ရမယ်ဆိုတာကို တစ်ခါတည်းတွေ့ရပါမယ်။ လောလောဆယ်တော့ Website ဝင်တဲ့ဦးရေက ၇၀၀ ကျော်သွားပါပြီ။

လောလောဆယ်မှာတော့ ကျွန်တော် အဓိကရည်ရွယ်တာက လုပ်ငန်းခွင်ကိုသွားနိုင်မယ့်သင်တန်းမျိုးပေါ့။ ဥပမာ-ဘွဲ့ရပြီးတော့ Academic ဘွဲ့တော့ရှိပြီ။ ဒါပေမယ့် လုပ်ငန်းအတွေ့အကြုံတော့ လိုသေးတယ်။ အတွေ့အကြုံ သင်ပေးတဲ့သင်တန်းတွေ ရှာတာကို အဓိကထားပါတယ်။ နောက်ပိုင်းကျရင်တော့ နိုင်ငံတကာကျောင်းမှာ ဆက်လုပ်ဖို့တော့ရှိတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ကျွန်တော်တို့အဓိကက အလုပ်တန်းဝင်လို့ရမယ့် သင်တန်းတွေကို ဦးစားပေးထားပါတယ်။

မနန့်သဇင်ဇော် (မော်ဘီနည်းပညာတက္ကသိုလ်ကျောင်းသူ)

ကျောင်းက ဆရာမတွေကနေပြီးတော့ နေပြည်တော်မှာ ဆော့ဖ်ဝဲပြပွဲရှိတယ်ဆိုတော့ စိတ်ဝင်စားလို့လာခဲ့တယ်။ တပ်မတော်ခန်းမမှာ လုပ်တဲ့ပွဲတွေကိုလည်း သွားဖူးပါတယ်။ တချို့ကိုယ်မသိတာတွေ နည်းနည်းပါးပါးသိလာတယ်။ နောက်ပြီး ခေတ်လည်း နောက်မကျဘူးပေါ့။ သူများနည်းတူ ရင်ပေါင်တန်းနိုင်တာပေါ့။ ဆော့ဖ်ဝဲအသစ်တွေကနေ တစ်ဆင့် ညီမတို့ Project မှာ ဘယ်လိုပေါင်းစပ်အသုံးပြုရမလဲဆိုတဲ့ အသိအမြင်ကျယ်စေပါတယ်။ ဒါကြောင့် အခုလိုပွဲမျိုးတွေကို များများလုပ်စေချင်ပါတယ်။ ညီမတို့ သင်ကြားနေတဲ့ ဘာသာရပ်မှာ ကွန်ပျူတာနဲ့ ပုံတွေဆွဲရတဲ့ Auto Card ဆော့ဖ်ဝဲကို အသုံးပြုရပါတယ်။ သုံးနေရင်း ပုံတွေအရမ်းများသွားရင် မနိုင်တာတို့ဘာတို့ရှိတယ်။ ကွန်ပျူတာတွေဆိုရင် ညီမတို့က အသစ်တွေ အသစ်တွေ လေ့လာတယ်။

ဒေါ်အေးအေးသင်း (အကြံပေး၊ Myanmar ICT Development Corporation Co., Ltd.)

ပြပွဲမှာအဓိကပြသထားတာက မြန်မာနိုင်ငံရဲ့ Digital Certificate တွေ ထုတ်ပေးတာကို ပြသခဲ့ပါတယ်။ Digital Certificate တွေကို Online မှာ တစ်ယောက်နဲ့တစ်ယောက် e-mail နဲ့ Message တွေပို့တဲ့အခါမှာ လုံခြုံစိတ်ချရအောင် ဝန်ဆောင်မှုပေးတာပါ။ တကယ်လို့ အပြင်မှာရောက်နေချိန် အရေးကြီးတဲ့ စာရွက်စာတမ်းတွေမှာ လက်မှတ်ရေးထိုးဖို့လိုတဲ့အခါမှာလည်း အလွယ်တကူ Digital Signature Sign ထိုးနိုင်အောင် Certificate တွေကို ထုတ်ပေးတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက Myanmar Payment Union ဘဏ်အချင်းချင်းငွေပို့ငွေယူ NPU Network မှာလည်း အသုံးပြုနေပါ

မောင်ညိုဝင်းအောင်

မောင်ထက်အောင်

ဦးဇော်မင်းဦး

မနန့်သဇင်ဇော်

မအေးအေးမြင့်

ဒေါ်အေးအေးသင်း

အဆိုးရဝန်ကြီးဌာနတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပြည်သူတွေကို အသိပေးချင်တဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။

ပြီးတော့ မြန်မာလူငယ်တွေလုပ်တဲ့ ဆော့ဖ်ဝဲတွေကို အဓိကပြသချင်တယ်။ ကျွန်တော်တို့မှာအလွန်ကောင်းမွန်တဲ့ ICT Industry အနာဂတ်ရှိပါတယ်။ သိပ်မကြာခင်ကာလအတွင်းမှာ တိုင်းပြည်ရဲ့ဝင်ငွေကိုအထောက်အပံ့ပေးနိုင်တဲ့ Industry ဖြစ်လာမှာပါ။

ဒါပေမယ့် ကျွန်တော်တို့မှာ လူရှားပါးတဲ့အခက်အခဲကိုရင်ဆိုင်နေရတယ်။ ဒီ Industryထဲက ကလေးတွေဟာ ကျောင်းပြီးတဲ့အခါ ဒီအလုပ်နဲ့ ပြန်ပြီးအသက်မမွေးကြဘူး။ သူတို့တွေကို ဒီ Industry ထဲမှာနေစေချင်တယ်။ တခြားစိတ်ပါဝင်စားသူတွေကိုလည်း Industryထဲမှာ လာရောက်လုပ်ကိုင်စေချင်တယ်။

ဒီပွဲကိုစီစဉ်နေတာတော်တော်ကြာပါပြီ။ ဒီပွဲကို နိုင်ငံတော်အဆင့်ကျင်းပမှာဖြစ်တဲ့အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လွန်ခဲ့တဲ့လေးလလောက်ကတည်းက စီစဉ်ဆောင်ရွက်ခဲ့တာပါ။ အခု ဒီလို ပြုလုပ်တဲ့အခါမှာလည်း နိုင်ငံအတွင်းမှာရှိတဲ့ Entrepreneur ပေါင်း ၄၀ ပါဝင်ပါတယ်။ အခုဒီနေ့ပြုလုပ်တဲ့ဖွင့်ပွဲမှာလည်း ရည်ရွယ်ချက်တစ်ခုအနေနဲ့ Presentation ပေးချင်တဲ့အတွက် စွန့်ဦးတီထွင်လူငယ်တစ်ယောက် ရေးထားတဲ့ စစ်သူကြီးဂိမ်းနဲ့ ဖွင့်လှစ်ပေးခဲ့တယ်။ တစ်ဖက်ကလည်းလူငယ်တွေရဲ့ အနာဂတ်နဲ့ တိုင်းပြည်ကို တည်ဆောက်ရမှာဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင် လုပ်ထားတဲ့ ဂိမ်းနဲ့ဖွင့်တယ်။ ပြီးတော့လည်း သူတို့ကိုဖော်ညွှန်းတဲ့ တေးသီချင်းလေးနဲ့ ဖျော်ဖြေပါတယ်။

ဒီပွဲမှာ ကျောင်းသားကျောင်းသူတွေတက်ဖို့ နိုင်ငံတော်သမ္မတက စီစဉ်ပေးတာပါ။ ကျွန်တော့်အနေနဲ့ ကျောင်းသားတွေကို ဒီလိုလာပြီးလေ့လာစေဖို့ကခက်ခဲတဲ့ကိစ္စပါ။ နိုင်ငံတော်က စီစဉ်ပေးပြီး တစ်တိုင်းပြည်လုံးက ကျောင်းသားတွေကို ဖိတ်ခိုင်းတာပါ။ ဒါပေမယ့် စာမေးပွဲရက်နဲ့ တိုက်တာတွေလည်း ရှိတော့ အားလုံးတော့ မလာရောက်နိုင်ဘူး။

နောက်တစ်ကြိမ်မှာတော့ စာမေးပွဲတွေ လွတ်တဲ့အချိန်မှာ တက္ကသိုလ်တွေ အားလုံးဖိတ်ကြားသွားမှာပါ။ ဒီလိုပွဲမျိုးကို တစ်နှစ်တစ်ခေါက်လောက် လုပ်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လုပ်တဲ့ပွဲမှာ အဓိကကတော့ ဒီလူငယ်တွေကို ကျွန်တော်တို့ ဘယ်လိုတိုးတက်အောင်နဲ့ လူငယ်တွေ အနာဂတ် တိုင်းပြည်ကို တည်ဆောက်တဲ့နေရာမှာ စွန့်ဦးတီထွင်စိတ်တွေကို မွေးထုတ်စေချင်တယ်။ ယုံကြည်မှုတွေလည်း ရှိလာစေချင်တယ်။

မအေးအေးမြင့် (မဟာတန်းကျောင်းသူ၊ မန္တလေးကွန်ပျူတာတက္ကသိုလ်)

ဒီနေ့ဖိုရမ်မှာ ခေါင်းစဉ်တွေအများကြီးရှိပါတယ်။ ဒီအထဲကမှ ကိုယ်ကြိုက်တဲ့ ခေါင်းစဉ်ကိုဆွေးနွေးနိုင်ပါတယ်။ ကျွန်မကဖိုရမ်မှာ Game Industry အကြောင်းနဲ့ ပတ်သက်ပြီးစိတ်ဝင်စားပါတယ်။ ပြီးတော့ IT Carrier ရယ်၊ Game Developer ရယ်နဲ့ Mobile Health Care အကြောင်းတွေနဲ့ ပတ်သက်ပြီး seminar သုံးခုတက်ခဲ့ပါတယ်။ ဒီနေ့ဖိုရမ်က ကျွန်မတို့ ဗဟုသုတတွေအများကြီးရပါတယ်။ ကိုယ်တက်နေတာ ဘာကြောင့် တက်ဖြစ်နေတာလဲဆိုတာရယ် ပြီးတော့ကိုယ်အသက်မွေးဝမ်းကျောင်းနဲ့ဆိုင်တာတွေ အများကြီး လေ့လာသိရှိရပါတယ်။ GameDeveloper ကို လေ့လာခဲ့ပြီးတော့ အားလုံးကို ဒါကြောင့် နိုင်ငံတကာက တကယ့်ထိပ်သီးစာတမ်းရှင်တွေလာပြီး စာတမ်းတွေဖတ်မယ်။ ကျွန်တော်တို့ဆီကလည်း စာတမ်းဖတ်မယ်။ Poster Presentation လည်းလုပ်မယ်။ တခြားနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံက ပညာချင်း အသိချင်း ဖလှယ်တာပေါ့။ အဲဒီလို နိုင်ငံတကာကလုပ်တဲ့ ပွဲတွေတက်ခြင်းအားဖြင့်၊ အသိပညာတွေ ဖလှယ်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ သွားဘက်ဆိုင်ရာ ဆေးပညာရပ်တွေမှာ ပိုပြီးတော့ တိုးတက်လာမှာပါ"ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူးကပြောသည်။

"ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင် သွားနှင့်ခံတွင်းဆရာဝန်အရေအတွက်နဲ့ ပြည်သူအရေအတွက် အချိုးက အလွန်ကွာတယ်။ နည်းပညာပိုင်းဆိုင်ရာရော၊ အသိပညာပေးမှုတွေရော အများကြီး လိုအပ်နေသေးတယ်။ ဒါကြောင့် အခုစင်ကာပူမှာလုပ်မယ့်ပွဲကို လေ့လာသူတစ်ယောက်အနေနဲ့လိုက်သွားတာပါ။ နောက်ဆုံးပေါ် နည်းပညာတွေ၊ ပညာရပ်ဆိုင်ရာတွေလေ့လာမယ်၊ ဆွေးနွေးမယ်၊ နားထောင်မယ် ပြီးရင်မြန်မာနိုင်ငံရောက်ရင် သိခဲ့တဲ့အသိတွေ၊ အတွေ့အကြုံတွေ၊ ခေတ်မီတဲ့နည်းစနစ်တွေ၊ ကုသမှုတွေနဲ့ ကိရိယာပစ္စည်းတွေကို နိုင်ငံတကာအဆင့်မီအောင် ကြိုးစားသွားမယ်"ဟု သွားဆရာဝန် ဒေါက်တာမြင့်စိန်က ပြောသည်။

"လွန်ခဲ့တဲ့ လေးနှစ်လောက်က ဘန်ကောက်မှာလုပ်တဲ့ပွဲမှာ ကျွန်တော်တို့အဖွဲ့က APDF ရဲ့ ဒုတိယဥက္ကဋ္ဌ ရာထူးနေရာ ရွေးချယ်ခံခဲ့ရပါတယ်။ ဒါမြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာကောင်းပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ဒုဘိုင်းမှာ ကျင်းပခဲ့ပါတယ်" ဟု ဒေါက်တာခင်ဇော်ကပြောသည်။

စင်ကာပူနိုင်ငံတွင် ဧပြီ ၃ ရက်မှ ၅ရက်အထိ ကျင်းပမည့် အဆိုပါညီလာခံတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ စာတမ်းရှင်ပေါင်း ၄၀ နီးပါးဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ သွားဆရာဝန်များက Implant စိုက်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သော အခြေအနေများအကြောင်း၊ မေးရိုးနှင့် ခံတွင်းဆိုင်ရာ ရောဂါများ အကြောင်းကို စာတမ်းဖတ်ခြင်း၊ Poster Presentation များပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

(သီသီမင်း)

အာရှ-ပစိဖိတ် သွားဘက်ဆိုင်ရာညီလာခံသို့ မြန်မာနိုင်ငံဆရာဝန်အပွဲ့ တက်ရောက်

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာမြင့်မားတိုးတက်စေရန်အတွက် APDF (Asia Pacific Dental Federation)က ကြီးမှူးကျင်းပသည့် 37th Asian Pacific Dental Congress သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပွင့်ဖူးခေါင်းဆောင်သော ဆရာဝန်အဖွဲ့သည် ဧပြီ ၁ ရက်နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

"APDF က ကြီးမှူးကျင်းပတဲ့ကွန်ဖရင့်ပေါ့။ အဲဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်က ဒီအာရှပစိဖိတ်ဒေသတွင်း နိုင်ငံတွေမှာရှိတဲ့ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တွေအကုန်လုံး ပညာရည်တိုးပွားဖို့ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်။

အမှတ်(၁၃၀) သံလွင်လမ်း ဗဟန်းမြို့နယ်နေ ဦးအုံ့ကြီး-ဒေါ်မေညွန့် မိသားစုက ရန်ကုန်မြို့ ဇီဝိတဒါန သံယာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝင်းလွင် လက်ခံယူစဉ်။

(ကြေးမုံ)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန်နှိုးဆော်ခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်) အများပြည်သူ ဇီဝိတဒါနငါးလွှတ်နိုင်ရန်အတွက် ဥပုဿတသန္တိစေတီတော်(မာလိနီ ရေကန်တော်၊ နေပြည်တော်)၊ ကမ္ဘာအေးကုန်းမြေ(မင်္ဂလာကန်တော်ကြီး)၊ ရွှေပြည်သာမြို့နယ် (သာဓုကန်ဘုရား)၊ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား(သွေးဆေးကန်)နှင့် စွယ်တော်မြတ်စေတီတော်၊ ကျောက်တော်ကြီးဘုရားတို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးကျည်းစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်အပ်ပါသည်။

၀၆၇-၄၀၈၄၇၆/၄၁၈၅၃၈(ရုံးချုပ်)/၀၉-၄၀၁၅၄၅၀၇၇(ရေဆင်း) နေပြည်တော်။

၀၉-၄၀၂၅၀၆၃၄၄(လှေ့ကား)/၀၉-၄၀၀၄၄၄၅၅၀(လေးဒေါင့်ကန်) ရန်ကုန်။

၀၉-၂၀၁၁၈၉၂(သရက်ကုန်း)မန္တလေး။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ၏ စာရင်းအချက်အလက်များ မှန်ကန်စွာရရှိနိုင်ရေး အတွက် ရန်ကုန် တောင်ပိုင်းခရိုင် တံတားမြို့နယ် ရွှေကောက် ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဦးသက်နိုင်ထွန်း အနီးကပ်ကြီးကြပ်၍ ဝန်ထမ်းများက မဲဆန္ဒရှင်စာရင်းအချက်အလက်များကို ကွန်ပျူတာဖြင့် ပြုစုထည့်သွင်းခြင်းများ အမြန်ဆုံးပြီးစီးနိုင်ရေးကို ဧပြီ ၂ ရက်က ဆောင်ရွက်နေစဉ်။

မျိုးလှိုင်(တံတား)

သင်္ကြန်အတွင်း မှုခင်းမဖြစ်ပွားစေရန် ပညာပေးဟောပြော

ဇေယျာသီရိမြို့နယ်

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ ယစ်မျိုး၊ ကာမစိတ်ကြွဆေးပြားများနှင့် တရားမဝင်တားမြစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးရည်ရွယ်၍ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်က သင်္ကြန်ပွဲတော်နှင့်ဆက်စပ်သော မှုခင်းများနှင့် ကြိုတင်ကာကွယ်ရေး အစီအမံများ၊ ရွှေတွင်းကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ထွေးက သင်္ကြန်ပွဲတော်နှင့် ဆက်စပ်သောပြစ်မှုများ ကြိုတင်ကာကွယ်ရေးတွင် ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ နေပြည်တော်မူးယစ်တပ်ဖွဲ့စု (၁၀၁)၊ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးထွန်းထွန်းဦးက မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးပြား၏အန္တရာယ်၊ အမှတ်(၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သန့်ဇင်ဦးက သင်္ကြန်ကာလတွင်ဖြစ်ပွားတတ်သော ယာဉ်မတော်တဆဖြစ်စဉ်များနှင့် ကြိုတင်ကာကွယ်ရမည့် အစီအမံများအား ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဇော်မျိုးနိုင်(ပျဉ်းမနား)

ဒိုက်ဦးမြို့နယ်

၁၃၇၆ ခုနှစ် မဟာသင်္ကြန်အကြိုကာလ လုံခြုံရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှားအလိုက် အသိပညာပေးမှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရေး၊ ကာမစိတ်နှိုးဆွသောဆေးဝါးများ ရောင်းချနိုင်သည့် ဆေးဆိုင်၊ လမ်းဘေးစျေးဆိုင်များတွင် ရောင်းချမှုမရှိစေရေးအတွက် ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမဆောင်၌ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒု-ဦးစီး ဦးကျော်ကျော်ထွန်း၊ ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကို၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ထွန်း၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့နှင့်အတူ နယ်မြေအတွင်းရှိ ဆေးဆိုင်ပိုင်ရှင် ၁၀ ဦးအား တွေ့ဆုံကာ မူးယစ်ဆေးဝါးနှင့် ကာမစိတ်နှိုးကြွစေသောဆေးဝါးများသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းမရှိစေရေးအတွက် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကျော်ကျော်(IPRD)

လားရှိုးမြို့နယ်

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နားမခေါ် အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အမှတ် (၁၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စု(လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၂ ရက် နံနက် ၇ နာရီ တွင် သင်္ကြန်ပွဲတော်ကာလအတွင်း လူကုန်ကူးမှုမခံရစေရေးအတွက် တရုတ်နိုင်ငံနယ်စပ်သို့သွားရောက်မည့် ခရီးသည်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ကားဝင်းအတွင်းရှိ ဂိတ်မှူးများ၊ ဂိတ်စာရေးများ၊ ပြည်သူများအား အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အမှတ်(၁၆)လူကုန်/တား ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းညွှန့်ရဲအုပ် ကြည်ထူးတို့မှ လူကုန်ကူးရခြင်းအကြောင်း၊ လူမှောင်ခိုအကြောင်းနှင့် လူကုန်ကူးခံရပါက ကြုံတွေ့ရမည့် အခက်အခဲများအကြောင်းနှင့် လူကုန်ကူးခံရပါက လူကုန်ကူးမှုဖြစ်စဉ် ဖြစ်ပွားသည်ဟု သံသယရှိလျှင်/ တွေ့ကြုံလာလျှင် ဖုန်း-၀၈၂-၃၀၇၀၁၊ ၀၉-၆၇၀၁၅၄၈ နှင့် ၀၉-၄၀၃၇၂၂၆၈၁၆ တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

မဟာသင်္ကြန်ပွဲတော်ကာလ နေပြည်တော်တွင် ကား/ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရန်

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်တွင် ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ပြီးဒဏ်ရာရရှိသူ ၅၇ ဦး၊ သေဆုံးသူ ၁၁ ဦးရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်မှ မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ကား/ဆိုင်ကယ် မောင်းနှင်သူများ အနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာ လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
၅။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၆။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မောင်းနှင်ခြင်းမပြုရ။
၇။ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဘီးတက်)မပါဘဲ မမောင်းရ။
၈။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်းမပြုရ။
၉။ ထော်လာဂျီကဲ့သို့ အနေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်း မပြုရ။
၁၀။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာ စီးခြင်း၊ နံပါတ်ပြား တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းနှင့် ရင်ပေါင်တန်းစုဖွဲ့စီးခြင်းများ မပြုရ။
၁၁။ နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
၁၂။ သံစုံတွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၃။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းခြီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်း မပြုရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဆွေးနွေးပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်သည် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ Daiwa Securities Co.,Ltd. တို့ အကျိုးတူပူးပေါင်းတည်ထောင်ထားသည့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(Myanmar Securities Exchange Centre Co.,Ltd-MSEC)နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ၌ စတော့အိပ်ချိန်းပေါ်ပေါက်လာရေးနှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်/အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၄-၄-၂၀၁၅ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀နာရီ
ကျင်းပမည့်နေရာ - မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊
အမှတ်(၆၈)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* မန်းရွှေစက်တော်ဘုရားပွဲတော် နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* အလောင်းတော်ကဿပ (ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်) ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (မြည့်ငါးမြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထခ်ုစမ်းလိုဏ်ဂူ၊ မွေတော်ကတ္တူ)၊ အင်းလေး (လွှိုင်ကော်)
* မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ နွားလှည်းတောင်
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ခမီ
(ဆမင်းကျွေး၊ ကားစီး၊ တစ်ဆင့်သွားကားစီး/ တော်လှန်၊ တည်းခိုခန်း စရိတ်ငြိမ်း)
မဟာသင်္ကြန်ခရီးစဉ်များ (12-4-2015)(13-4-2015) နှင့် (17-4-2015) လက်မှတ်များ ကြိုတောင်းရောင်းပြီ
* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖုံး ☎371317,095124678, 09401589907

ဆရာဒွေး အင်္ဂလိပ်စာ သင်္ဘာ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(၀/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအိမ်လိုက်သင်သည်။
ဧပြီလ(၂/၄)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

သင်္ဘာ ဦးအောင်သောင်း
၂တန်း မှ ၁၀တန်းအထိ သင်္ဘာ တစ်ဘာသာတည်း သန့်သန့်
(၇၀) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း- 095192923 - 01246108

ပရီမီယာလီဂ်ရင်ခုန်သံ - ၃၁

ပရီမီယာလီဂ်ပွဲစဉ်(၃၁)ကို ဧပြီ ၄၊ ၅၊ ၇ ရက်တွေမှာ ပြန်လည်ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ချန်ပီယံလီဂ်ဝင်ခွင့်အတွက် အရေးပါတဲ့ အာဆင်နယ်နဲ့ လီဗာပူးတို့ဆုံတွေ့တဲ့ ပွဲစဉ်ပါဝင်နေလို့ အကြိတ်အနယ်ရှိမှာပါ။ မန်ယူကိုရှုံးခဲ့တဲ့ လီဗာပူးအနေနဲ့ အာဆင်နယ်ကိုအနိုင်ယူနိုင်မလားစောင့်ကြည့်ရပါလိမ့်မယ်။

အာဆင်နယ် - လီဗာပူး ည ၆း၁၅ (၄-၄-၁၅)

လီဗာပူးဟာ ချန်ပီယံလီဂ်ဝင်ခွင့်ရဖို့ အနည်းငယ်အခက်အခဲရှိနေပေမယ့် မျှော်လင့်ချက်ရှိနေတာကြောင့် အားစိုက်ကစားမှာသေချာပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ခြေစွမ်းကလည်း အကောင်းဆုံးပုံစံမှာရှိနေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် လီဗာပူးအမြင့်ဆုံးသရေလောက်ပဲရမယ်။

အဲဗာတန် - ဆောက်သမ်တန် ည ၈း၃၀ (၄-၄-၁၅)

ဥရောပဝင်ခွင့်မျှော်လင့်နေတဲ့ ဆောက်သမ်တန်ဟာ အမှတ်ရဖို့ အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် တိုက်စစ်ကတော့ ဂိုးသွင်းနှုန်းကျဆင်းနေပါတယ်။ ဒါပေမယ့် အဲဗာတန်ကလည်း တန်းမဆင်းရဖို့အားစိုက်နေချိန်ဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆောက်သမ်တန်သရေထက်မပိုပါဘူး။

လက်စတာ - ဝက်စ်ဟမ်း ည ၈း၃၀ (၄-၄-၁၅)

ဆန်းဒါးလန်းကိုအနိုင်ယူပြီး ရလဒ်ဆိုးတွေကို ရပ်တန့်နိုင်ခဲ့ပေမယ့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်းဟာ ဥရောပဝင်ခွင့်ရဖို့အတော်အလှမ်းဝေးသွားတဲ့အပြင် အဝေးကွင်းပွဲစဉ်တွေမှာလည်း ခြေမငြိမ်တတ်ပါဘူး။ လက်စတာကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် တန်းမဆင်းရဖို့အားစိုက်မှာပါ။ ဝက်စ်ဟမ်းနိုင်ရင်တောင် မပြတ်သားဘူး။

မန်ယူ - ဗီလာ ည ၈း၃၀ (၄-၄-၁၅)

ဗီလာကတန်းမဆင်းရဖို့ အားစိုက်လာမှာပါ။ ကစားပုံကလည်းအနည်းငယ်ကောင်းလာပါတယ်။ ဒါပေမယ့် မန်ယူက အာဆင်နယ်နဲ့ လီဗာပူးဆုံတွေ့နေချိန်မှာ အမှားခံမှာမဟုတ်ဘူး။ လက်ရှိမန်ယူရဲ့ကစားပုံကလည်း ကောင်းမွန်နေတဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ မန်ယူပဲနိုင်ပွဲရသွားမှာပါ။

ဆွမ်ဆီး - ဟားလ် ည ၈း၃၀ (၄-၄-၁၅)

ဟားလ်က အခုနောက်ပိုင်းခံကစားအားကောင်းမွန်နေပါတယ်။ ဒီပွဲမှာလည်း တန်းမဆင်းရဖို့ ရုန်းကန်လာမှာပါ။ ဒါပေမယ့် ဟားလ်ဟာ အဝေးကွင်းပွဲစဉ်တွေမှာ ခြေမတည်ငြိမ်တတ်ပါဘူး။ ဒါ့အပြင် ဆွမ်ဆီးကလည်း အခုနောက်ပိုင်း ကစားပုံတည်ငြိမ်နေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဆွမ်ဆီးပဲ ကပ်နိုင်သွားမှာပါ။

ဝက်စ်ဘရွန်း - ကျူပီအာ ည ၈း၃၀ (၄-၄-၁၅)

ကျူပီအာခြေက အားနည်းလွန်းပါတယ်။ တန်းမဆင်းရဖို့အားစိုက်ကစားမှာသေချာပေမယ့် ခံစစ်ပိုင်းကအစ ကျစ်လျစ်မှုမရှိပါဘူး။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းအားနဲ့ဖိအားပေးမှာဖြစ်သလို တန်းမဆင်းရဖို့ အမှတ်လိုနေတာကြောင့်လည်း အားစိုက်ကစားသွားမှာပါ။ ဝက်စ်ဘရွန်းပဲအနိုင်ရသွားပါလိမ့်မယ်။

ချယ်လ်ဆီး - စတုတ် ည ၁၁း၀၀ (၄-၄-၁၅)

ချန်ပီယံဖြစ်ဖို့အတွက် ချယ်လ်ဆီးအမှားခံမှာမဟုတ်ပါဘူး။ လက်ရှိအချိန်မှာ စတုတ်ဟာနှစ်ပွဲဆက်ရှုံးထားတာကြောင့် အမှတ်ပြန်ရဖို့ အားစိုက်လာမှာမှန်ပေမယ့် ကွင်းကချယ်လ်ဆီးကွင်းဖြစ်နေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးသာ အားစိုက်ကစားလာရင် စတုတ်တို့တောင့်ခံဖို့ခက်ပါတယ်။ ချယ်လ်ဆီးသာနိုင်ပွဲရသွားမှာပါ။

ဘန်လေ - စပါး ည ၇း၀၀ (၅-၄-၁၅)

အခုနောက်ပိုင်းမှာ ဘန်လေရဲ့ကစားပုံမဆိုးပါဘူး။ အိမ်ကွင်းလည်းဖြစ်တာကြောင့် တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် စပါးဟာ အခုနောက်ပိုင်းကစားပုံမဆိုးသလို ဥရောပဝင်ခွင့်ရရှိဖို့အတွက်လည်း အားစိုက်ကစားလာပါလိမ့်မယ်။ စပါးတို့ အနည်းငယ်အခက်တွေ့နိုင်ပေမယ့် ကပ်နိုင်သွားမှာပါ။

ဆန်းဒါးလန်း - ကာဆယ် ည ၉း၃၀ (၅-၄-၁၅)

တန်းဆင်းဇုန်နဲ့ကပ်နေတဲ့ ဆန်းဒါးလန်းတို့ အမှတ်ရအောင်အားစိုက်ကစားပါလိမ့်မယ်။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ လက်ရှိအချိန်မှာ ဆန်းဒါးလန်းရဲ့ကစားပုံကလည်း သာမန်သာရှိပေမယ့် ကာဆယ်ကလည်း ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ ဒါဘီပွဲစဉ်မှာ ဆန်းဒါးလန်းတို့ ကပ်နိုင်သွားဖို့ရှိပါတယ်။

ပဲလေစ် - မန်စီးတီး နံနက် ၁း၃၀ (၇-၄-၁၅)

ဒုတိယနေရာတည်မြဲရေးနဲ့ ချယ်လ်ဆီးကိုအနည်းငယ်ဖိအားပေးနိုင်ဖို့ မန်စီးတီးအမှားခံမှာမဟုတ်ဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ မန်စီးတီးရဲ့ခြေကတည်ငြိမ်မှုအားနည်းပါတယ်။ ဒါ့အပြင် ပဲလေစ်ကလည်း လက်ရှိကစားပုံကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ မန်စီးတီးနိုင်ရင်တောင် မပြတ်သားနိုင်ဘူး။

ရှိုင်းမင်းမင်း

မြန်မာယူ-၂၀ အသင်း မက်ဆီဒိုးနီးယားတွင် လေ့ကျင့်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် မတ် ၃၁ ရက်မှစ၍ မက်ဆီဒိုးနီးယားနိုင်ငံတွင် လေ့ကျင့်လျက်ရှိသည်။

မြန်မာ ယူ-၂၀ အသင်းသည် မက်ဆီဒိုးနီးယားခရီးစဉ် ပထမဆုံးခြေစမ်းပွဲအဖြစ် ဧပြီ ၁ ရက် ညပိုင်းက မက်ဆီဒိုးနီးယား ပထမတန်းကလပ် Shkendija (၁)အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းမှာ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း အရန်ကစားသမားအချို့ကို အသုံးပြုခဲ့သည်။ ယခုပွဲတွင် ပွဲထွက်လူစာရင်း၌ ပါဝင်ခွင့်ရခဲ့သည့် တိုက်စစ်မျှူး စိုးထွန်းက ၆၅ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ မြန်မာယူ-၂၀ အသင်းသည် မက်ဆီဒိုးနီးယားနိုင်ငံ၌ ဆက်လက် ထပ်မံကစားခွင့်ရရှိရန် ကြိုးပမ်း လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများ လျက်ရှိသည်။ **(ရွှေင်းထက်ဇော်)**

ယာယာတိုရေးကို ခေါ်ယူရန် အင်တာမီလန် ပြင်ဆင်

အင်တာမီလန်၏ အားကစားဒါရိုက်တာနှင့် ယာယာတိုရေး၏ ကိုယ်စားလှယ်ဖြစ်သူတို့ တွေ့ဆုံခဲ့အပြီး အင်တာက လာမည့်နွေရာသီအပြောင်းအရွှေ့တွင် အားနည်းနေသော ကွင်းလယ်နေရာအတွက် မန်စီးတီးကွင်းလယ်လူ ယာယာတိုရေး အားခေါ်ယူရန် ကြိုးပမ်းနေသည်ဟု အီတလီသတင်းစာ Gazzelta dello Sport က ဖော်ပြသည်။

ယခင်မန်စီးတီးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ မန်စီနီက ၎င်း၏တပည့်ဟောင်း တိုရေးကို အင်တာသို့ အရောက်ခေါ်ယူရန် ဆန္ဒရှိနေသည်။ ယင်းအပြောင်းအရွှေ့အတွက် အင်တာအားကစား ဒါရိုက်တာ အော်စတီလိုနှင့် တိုရေး၏ကိုယ်စားလှယ် ဆီလက်ခ်တွေ့ဆုံခဲ့ပြီးနောက် အပြောင်းအရွှေ့မှာ ယခုနှစ် နွေရာသီမှာပင် ရုပ်လုံးပေါ်လာဖွယ်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ အဆိုပါ အိုင်ဗရီကို့စ်ကစားသမားအတွက် အင်တာအနေဖြင့် ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ (ပေါင် ၄၃ ဒသမ ၅)သန်းအထိ သုံးစွဲဖွယ်ရှိနေသည်ဟုလည်း သတင်းများကဖော်ပြခဲ့သည်။ အင်တာနည်းပြ မန်စီနီက ဆောင်းရာသီအပြောင်းအရွှေ့ကာလကစားသမား၀ယ်ယူခြင်းထက် နွေရာသီ အပြောင်းအရွှေ့ကာလ၌ပင် ကစားသမား၀ယ်ယူရေးကို အပြီးသတ်ဆောင်ရွက်သွားရန် ဆန္ဒရှိနေသည်။

မန်စီနီက "ကျွန်တော်တို့ နွေဈေးကွက်မှာ ထိပ်တန်းကစားသမားတစ်ဦးကို မဖြစ်မနေခေါ်ယူရန် သွားမှာဖြစ်ပါတယ်။ ဒါမီရန်နဲ့ ဂျိမ်းစ်မေနာတို့ရဲ့စာချုပ်က လာမယ့်နွေရာသီမှာ သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး ကျွန်တော်က သူတို့ကို နှစ်သက်တဲ့သူတစ်ယောက်ပါ။ ဘယ်အသင်းက သူတို့အတွက် အသင့်တော်ဆုံးဖြစ်မလဲဆိုတာ သူတို့ဘာသာ သူတို့ ဆုံးဖြတ်ချက်ချပါလိမ့်မယ်။ တိုရေးကလက်ရှိ စီးတီးရဲ့ကစားသမားပါ။ ဒါပေမယ့် အော်စတီလိုက သူအလုပ်တွေအကောင်းဆုံး ဆက်လက်လုပ်ဆောင်နိုင်ဖို့ အစစအရာရာဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။ **(မေလွဲသင်း)**

မန်ယူ၏ချန်ပီယံလီဂ်မျှော်လင့်ချက်ကျဆုံးမည်မဟုတ်ဟု ဒီဂီယာပြောကြား

မန်ယူဂိုးသမားဒေးဗစ်ဒီဂီယာက မန်ယူအနေဖြင့် မည်သို့သောအကြောင်းတရားရှိသည်ဖြစ်စေ နောက်နှစ်ဘောလုံးရာသီတွင် သေချာပေါက် ချန်ပီယံလီဂ်ဝင်ခွင့်တစ်နေရာ ရရှိနိုင်လိမ့်မည်ဟု ဆိုခဲ့သည်။ နိုင်ငံတကာပွဲစဉ်များအပြီး ယခုသီတင်းပတ်၌ မန်ယူသည် ဗီလာအသင်းကို အိမ်ကွင်းတွင် ရင်ဆိုင်ရမည်ဖြစ်ရာ လက်ရှိချန်ပီယံလီဂ်ဝင်ခွင့်နှင့် တစ်နေရာစာကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖွယ် ရှိနေသည်။

ထိပ်ဆုံး လေးနေရာအတွက် အနီးဆုံးပြိုင်ဘက်လီဗာပူးအား အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပဉ္စမနေရာရှိ လီဗာပူးအသင်းကို

လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယား စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ပရီမီယာလီဂ်ပွဲကစားရန် ရှစ်ပွဲသာ ကျန်ရှိတော့သောအခြေအနေတွင် မန်ယူအနေဖြင့် ထိပ်ဆုံးသုံးသင်းဖြစ်သည့် ချယ်လ်ဆီး၊ မန်စီးတီးနှင့် အာဆင်နယ်တို့ကို ရင်ဆိုင်ရန် ကျန်ရှိနေသေးသည်။

ဒီဂီယာက "ကျွန်တော်တို့ မန်ယူမှာ ဘယ်လိုကိစ္စတွေပဲရှိရှိ ချန်ပီယံလီဂ်ဝင်ခွင့်တော့ရရှိမှာပါ။ ပြီးခဲ့တဲ့ရာသီက ကျွန်တော်တို့ ဒီအခွင့်အရေးကို ဖမ်းဆုပ်နိုင်ခြင်းမရှိခဲ့ပေမယ့်လည်း မန်ယူအနေဖြင့် ဒီလိုမျိုးအခြေအနေကို နှစ်နှစ်ဆက်တိုက် အဖြစ်ခံမှာ မဟုတ်ပါဘူး။ ကျွန်တော်က ငယ်ရွယ်တဲ့ကစားသမားဆိုပေမယ့် မန်ယူမှာရှိနေတာက အခုဆိုရင် လေးနှစ်ရှိနေပါပြီ။ ပရီမီယာလီဂ်က ကျွန်တော်ရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပိုပြီးတောက်ပြောင်လာစေခဲ့ပါတယ်။ ဗဲလ်ဒက်စ်နှင့်အတူ အလုပ်လုပ်ရတာကလည်း ကျွန်တော့်အတွက် တကယ့်ကိုကောင်းမွန်ပြီး သူလို့အတွေ့အကြုံရင့်ကျက်တဲ့သူဆီက ပညာတွေ အများကြီးရပါတယ်" ဟု ပြောကြားခဲ့သည်။

ဒီဂီယာသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူ၏ အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်ကလည်း အဆိုပါ စပိန်ဂိုးသမားကို ဘာနေဗျူးကွင်းသို့ အရောက်ခေါ်ယူလိုနေသည်။

(မေလွဲသင်း)

ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး
ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်
(က)	လူနေအိမ်	(၃)လုံး
(ခ)	ဧည့်ရိပ်သာ	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၄-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၅

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၅၈-၂၁၂၅

ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့များတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်
(က)	ပြည်နယ်ရုံးညွှန်ကြားရေးမှူးနေအိမ်	(၃)လုံး
(ခ)	ပြည်နယ်ရုံးလက်ထောက်ညွှန်ကြားရေးမှူးနေအိမ်	(၁)လုံး
(ဂ)	ပြည်နယ်ရုံးဧည့်ရိပ်သာ	(၁)လုံး
(ဃ)	ဘားအံမြို့နယ်ရုံး၀နေ့ထမ်းနေအိမ်	(၁)လုံး
(င)	ကျုံဒိုးမြို့အုပ်ချုပ်ရေးမှူးရုံး	(၁)လုံး
(စ)	မြ၀တီခရိုင်ရုံး၀နေ့ထမ်းနေအိမ်	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၄-၂၀၁၅
တင်ဒါပိတ်မည့်ရက် - ၉-၅-၂၀၁၅

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၅၈-၂၁၁၈၁

ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

(၁) ရေမကြီးမီ ဆောင်ရွက်ရန်အချက်များ

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
(ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များကြိုတင်သတ်မှတ်ထားပါ။
(ဂ) သတ်မှတ်နေရာများသို့ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
(ဃ) ရေတွင်ပေါ်နိုင်သည့် ၄က်ပျောပင်ကဲ့သို့ အပင်များစိုက်ပျိုးထားပါ။
(င) အရေးကြီးစာရွက်စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့်သေချာစွာထုပ်ပိုးထားပါ။
(စ) အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
(ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ မော်တော်၊ စက်သုံးဆီ စသည်များကြိုတင်စီစဉ်ထားပါ။
(ဇ) ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
(စျ) သရုပ်ပြအစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

(၂) ရေကြီးခြင်းသတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဘောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုး ဝါးဆစ်ပိတ်များ ဆောင်ထားပါ။
(ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
(ဃ) ရေဘေးအန္တရာယ်သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှရှောင်ရှားပါ။
(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်ဒေသများသို့ သွားလာခြင်းမှရှောင်ရှားပါ။

(၃) ရေကြီးနေစဉ် ဆောင်ရွက်ရန်အချက်များ

(က) မြစ်ရေအခြေအနေသတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
(ခ) ရေလွှမ်းနေသည့်နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
(ဂ) ခြောက်လက်မခန့်မြင့်သောရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့်စမ်းထောက်ပြီးမှ သွားပါ။
(ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏အန္တရာယ်ကို သတိထားရှောင်ရှားပါ။
(င) လျှပ်စစ်အန္တရာယ်မှကင်းဝေးစေရန် လျှပ်စစ်မီးကြိုး/တိုင်များနှင့်ဝေးရာတွင် နေထိုင်ပါ။
(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှရှောင်ရှားပါ။
(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှလုပ်ဆောင်ပါ။ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

(၄) ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ

(က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်းကြေညာမှ အိမ်ကိုပြန်လာပါ။
(ခ) မိသားစုဝင်အားလုံး စုံ၊ မစုံ စစ်ဆေးပါ။
(ဂ) ကျန်းမာရေးအခြေအနေစစ်ဆေးပါ။ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံပို့ပါ။
(ဃ) မိမိ အိမ်/ခြံ၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာစစ်ဆေးပြီးမှ သုံးစွဲပါ။
(စ) ရေကြီးထားသောကြောင့် လမ်း၊ တံတား၊ အိမ်များ အချိန်မရွေးပြိုကျနိုင်သည့်အတွက် သတိပြုပါ။
(ဆ) အဆိပ်ရှိသတ္တဝါများခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။
(စျ) ရေကိုကျိုချက်သောက်ပါ။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

အလျှုံသွားရောက်စဉ် ယာဉ်တိုက်မှုဖြစ်၊ ကိုးဦးသေဆုံး

ကျိုက်ထို ဧပြီ ၂

ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၁၁၀/၀) တံတားဖြူကွေ့အနီး၌ ဧပြီ ၂ ရက်နံနက် ၁၀ နာရီခန့်တွင် ယာဉ်တိုက်မှုကြောင့် ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့တွင်းဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်းချမ်းအေး (၂၆)နှစ်က ဖောလန်းယာဉ်တွင် ကျောက်စရစ်ခဲများ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ လာသော ဟိုင်းလတ်မာတီအိပ်စ် အမျိုးအစား နက်ပြာရောင်ယာဉ်အား အရှိန်ပြင်းစွာ ဝင်တိုက်မိရာ ဟိုင်းလတ်မာတီအိပ်စ်၏ ယာဉ်မောင်း အပါအဝင် ယာဉ်ပေါ်ပါရှိသူများ အနက် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေးလေးဦး စုစုပေါင်း ကိုးဦးတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး၊ ကလေးနှစ်ဦးမှာ စိုးရိမ်ဒဏ်ရာများ ရရှိ၍ ကျိုက်ထိုပြည်သူ့ဆေးရုံမှ တစ်ဆင့် ပဲခူးပြည်သူ့ဆေးရုံသို့ ဆေးကုသရန် လွှဲပြောင်းပေးခဲ့သည်။

ဟိုင်းလတ်ယာဉ်ပေါ်ပါသူများမှာ ကော့ကရိတ်မြို့နယ် ကော့သိန်းကျေးရွာမှ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဥဿာမြို့သစ်ရှိ သာမဏေကျော်ပရိယတ္တိစာသင်တိုက်တွင် ရဟန်းခံရှင်ပြုရန်သွားရောက်စဉ် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝင်းမောင်(iprd)

ခါးပိုက်နှိုက်ဖမ်းဆီးရေးစီမံချက် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် သင်္ကြန်အကြိုကာလ ခါးပိုက်နှိုက် ဖမ်းဆီးရေးစီမံချက် ဆောင်ရွက်နေစဉ် မတ် ၂၆ ရက်တွင် ရန်ကုန်-ပုသိမ်လမ်းမကြီး တပ်ထိပ်မှတ်တိုင်သို့ ဘုရင့်နောင်ဘက်မှ မောင်းနှင်ဆိုက်ရောက်လာသော အမှတ်(၉၆) ခရီးသည်တင် ဒိုင်နာယာဉ်ပေါ်တွင် ခါးပိုက်နှိုက် ပြစ်ချက်ဟောင်းရှိသူ သန်းနိုင်(ခ) သန်းထွန်းအောင်နှင့် မိုးမြင့်ငြိမ်းတို့ နှစ်ဦးအား တွေ့ရှိ၍ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ရာ သန်းနိုင်ဦး(ခ) သန်းထွန်းအောင်ထံမှ ခါးပိုက်နှိုက်ရာတွင် အကာအကွယ်အဖြစ် အသုံးပြုသော SPORT စာတန်းတံဆိပ်ပါ ကျောပိုးအိတ်တစ်လုံးအား လည်းကောင်း၊ မိုးမြင့်ငြိမ်းထံမှ ငွေစက္ကူ ရောရာ ၈၄၀၀ အားလည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် လိုင်သာယာ မြို့မ

ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(ခရိုင်ရဲတပ်ဖွဲ့)

MMDA
မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း
နှစ်ပတ်လည် အစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း(Myanmar Diabetes Association-MMDA) **၏ နှစ်ပတ်လည်အစည်းအဝေးအား ၄-၄-၂၀၁၅(စနေနေ့)**တွင် **မြန်မာနိုင်ငံဆရာဝန်အသင်း၏ ခန်းမဆောင်(ဘီ)၊ သိမ်ဖြူလမ်း၌ နံနက်(၈)နာရီမှမွန်းတည့်(၁၂)နာရီအထိ** ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် **အသင်းဝင်များအားလုံး** တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖြင့် **အသိပေး**အကြောင်းကြားအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း

နာမည်ကြီး MCC Secretary Training Course ပြန်ဖွင့်ပြီ !!!!!!

- Secretary တစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ။
- မူးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
  Business Administration
- လုပ်ငန်းသုံး အင်္ဂလိပ်စာ
  Business Communication English
  (Business Letter, Memo, E-mail ရေးသားခြင်း)
- လုပ်ငန်းသုံး စာရင်းကိုင်ပညာ
  Business Accounting
- လုပ်ငန်းသုံး Computer
  Practical ICT Skills
  (Microsoft Word, Excel, Powerpoint)

လက်တွေ့လုပ်ငန်းခွင်၌ ကျွမ်းကျင်သည့် Secretary ကောင်းတစ်ယောက် အနေဖြင့်သော်လည်းကောင်း၊
Office Staff အနေဖြင့်သော်လည်းကောင်း ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

Hot Line - 01-246634, 01-2304156

MCC.i (Yangon Campus) - Junction Square, Building (8), Second Floor, Pyay Road and Kyunttaw Street, Yangon TEL: 01-245762, 01-249152
MCC.i (Mandalay Campus) - Yatanarpon Super Centre, 5th Floor, 78 Street Coner of 34 Street, Chan Aye Tharzan Township, Mandalay TEL: 09-402671562, 09-91034062, 011-202113

ပုလဲရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဝင်းမြင့်(မွေး/ကု)၊ ချစ်မေမေ ဒေါ်ဝေဝေလွင် (ပတခ၊ အောင်ဘာလေ) တို့ရဲ့ ၃-၄-၂၀၁၅ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်လာမည့် ပတ္တမြားရတု၊ ရွှေရတု၊ စိန်ရတုမင်္ဂလာများတိုင် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ချစ်သား/သမီး/မြေးများနှင့်အတူ ရွှင်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ချစ်သမီးကြီး - ဒေါ်ဆက်နှင်းဝေ(အထက-၂၊ ရွှေပြည်သာ)
မြေး - မရွှန်းလက်မေ(လုံးလုံး)
ချစ်သားကြီး - ကိုသက်ဖြိုးဝေ-မမေဦး
ချစ်သားငယ် - ကိုပြည့်ဖြိုးဝေ
ချစ်သမီးငယ် - မဒွေသော်တာဝေ

HIGHWAY STAR
TRAVELS & TOURS CO.,LTD
April 12 - သင်္ကြန်ခရီးစဉ်
- တောင်ကြီး-အင်းလေး
- ပုဂံ၊ ညောင်ဦး၊ ပဖွါး၊ ရွှေစက်တော်
- အလောင်းတော်ကသပ၊ မုံရွာ
- ရွှေစက်တော်
- မော်လမြိုင်-ကျိုက္ခမီစက်စဲ၊ ဘားအံ
April 4,12,13
- ကျိုက်ထီးဆောင်း၊ မဲလံ၊ ဇင်းကျိုက်
- အကောက်တောင်ပြည်၊ သရေခေတ္တရာ
- ဖွဲကာပင်၊ ဆန္ဒါနိုင်ဂူ၊ ဘုရင့်ညီဂူ ရေပူစမ်း
- မော်လမြိုင် ကျိုကွမီ စက်စဲကမ်းခြေ
Discount
Scania, Yutong, Hugger
09 253235411-22, 09 253241300, 09 36220162-108

ပြည်တွင်းရေးရာ

မြစ်ငယ်၌ ပလတ်စတစ်ခြင်းထိုးခြင်းဖြင့် အိမ်ရှင်မများ ဝင်ငွေပိုမိုရရှိနေ

မန္တလေး၊ ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့အနီးမြစ်လောင်း ကျေးရွာရှိအိမ်ရှင်မများမှာ ပလတ်စတစ်ခြင်းထိုးလက်မှုပညာဖြင့် ကိုယ့်အိမ်အတွင်း၌ အလုပ်အကိုင်များ ရရှိနေကြကြောင်း သိရသည်။

ယင်းမြို့အတွင်း ပလတ်စတစ်ခြင်းထုတ်လုပ်ရောင်းဝယ်သူများက အလုပ်လာရောက်အပ်နှံကြပြီး ခြင်းရက်သူများကို ကုန်ကြမ်းပစ္စည်းပေးကာ လက်ခစားဖြင့် ခြင်းထိုးစေလျက် အကျိုးတူဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

"ပလတ်စတစ်ခြင်းထိုးရာမှာ ပထမဆုံးခြင်း အရွယ်အစားအလိုက်ပြုလုပ်ထားတဲ့ သစ်သားရိုက်ကြရတယ်။ ဒုတိယအဆင့်အနေနဲ့ ပတ်ပင်ပတ်ပေး ကြ ရတယ်။ပတ်ပင်ပတ်ပြီးတာနဲ့ လှပခိုင်ခံ့တဲ့ ခြင်းတစ်လုံးဖြစ်လာဖို့စပြီးရက်လုပ်ကြရတယ်။ နောက်ဆုံးအ ဆင့်မှာ နှုတ်ခမ်းသိမ်း၊ ကိုင်းတပ်ကြရ တယ်" ဟု ခြင်းရက်လုပ်သူ တစ်ဦးကပြောသည်။

လှပသောပလတ်စတစ်ခြင်းများရက်လုပ်ရန်အတွက်ကုန်ကြမ်းပစ္စည်းဖြစ်သည့် ပလတ်စတစ်ကြိုးအမာကို မန္တလေးမြို့စက်မှုဇုန်(၁)ရှိ ပလတ်စတစ်ကြိုးမာစက်ရုံမှ ဝယ်ယူပြီး ပလတ်စတစ်ကြိုးမှာ တစ်ကီလိုလျှင် ကျပ် ၁၂၀၀ ပေးရကာ ပလတ်စတစ်ခြင်းများကို တင်ပို့ရာတွင် လေးလုံး တစ်တွဲတွဲလေ့ရှိသည်။

ထမင်းချိုင့်ထည့်သည့်ခြင်း၊ ဆိုက်အ သေး၊ အလတ်၊ အကြီးဟူ၍အရွယ်အစားလေးမျိုးကို ထုတ်လုပ်တင်ပို့လေ့ရှိကြပြီး မြစ်လောင်းရွာမှ ပလတ်စတစ်ခြင်းများကို ရွှေဘို၊ မြစ်ကြီးနား နှင့် မန္တလေးမြို့ရှိ ဆိုင်ကြီးများသို့ တင်ပို့ပေးရသည်။

ပလတ်စတစ်ခြင်းတစ်လုံးကိုလုပ်အားခ ငွေကျပ် ၅၀၀ ရရှိကာ လက်ရှိကာလ မြစ်လောင်းကျေးရွာမှ ထုတ်လုပ်သော ပလတ်စတစ်ခြင်းများ၏ ဖောက်သည်ပေးသည့် စျေးနှုန်းများမှာ ရိုးရိုးအကြီးတစ်လုံးလျှင် ကျပ် ၁၄၅၀ ရှိပြီး ပြန်ရောင်းစျေးမှာ ကျပ် ၂၀၀၀ ရှိသည်။

ခြင်းလတ်တစ်လုံးလျှင် ဖောက်သည်စျေး ကျပ် ၁၂၅၀၊ ပြန်ရောင်းစျေး ကျပ် ၁၈၀၀၊ အသေးတစ်လုံး ဖောက်သည်သွင်းစျေး ကျပ် ၁၀၀၀ ပြန်ရောင်းစျေး ကျပ် ၁၅၀၀၊ ထမင်းချိုင့်ထည့်သည့် ခြင်းတစ်လုံးလျှင် ဖောက်သည်သွင်းစျေး ကျပ် ၇၀၀ ၊ ပြန် ရောင်းစျေးကျပ် ၁၀၀၀ ရှိကြောင်း ပလတ်စတစ်ခြင်းထုတ်လုပ်ရောင်းချသူတစ်ဦးကရှင်းပြသည်။ **တိမ်တမန်**

လူသွားစင်္ကြံများ၌ စည်းကမ်းမဲ့ ယာဉ်ရပ်မှုကြောင့် ခရီးသွား ပြည်သူများ သွားလာမှု အခက်တွေ့နေ

ဒလ ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ် ဒလဘက်ခြမ်း ခရီးသည်များ အတက်တံတားထိပ်မှ ဒလလက်မှတ်ရုံအနီးတစ်လျှောက် လူသွားစင်္ကြံန်များပေါ်တွင် ဆိုက်ကားများ၊ ဆိုင်ကယ်(ကယ်ရီ)များ စည်းကမ်းမဲ့ရပ်တန့်၍ ခရီးသည် လုယက်ဝင်ခေါ်မှုများကြောင့် ခရီးသွားများသွားလာမှု ပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးစီးဌာန၏ ကူးတို့ရေယာဉ်နှင့် လက်မှတ်ရုံရှိ ခရီးသည်များ နားနေဆောင် အပါအဝင် ရေဆင်းတံတားနှစ်ခုအား ဂျပန်နိုင်ငံ JACA မှ စနစ်တကျ လုပ်ပေးထားပြီး ခရီးသွားများ ဘေးအန္တရာယ်ကင်းဝေးစေရန် အဆင်းတံတား အတက်တံတား၌ထားကာ လူသွားစင်္ကြံများကိုလည်း ဆောက်လုပ်ပေးထားခဲ့သည်။

ယခုအခါ ဆိုက်ကားများ ဆိုင်ကယ်(ကယ်ရီ)များသည် ခရီးသွားများ အတွက် ဆောင်ရွက်ပေးထားသော လူသွားစင်္ကြံပေါ်တွင် ဆိုက်ကား၊ ဆိုင်ကယ်များ စည်းကမ်းမဲ့ ရပ်တန့်၍ ခရီးသည် အလုအယက်ခေါ်ခြင်း၊ ခရီးသွားများကြားတွင် ဆိုင်ကယ်များ ကြမ်းတမ်းစွာ မောင်းနှင်ခြင်းကြောင့် ခရီးသွားများနှင့် မကြာခဏ ထိခိုက်မိ၍ ခိုက်ရန်ဖြစ်ပွားခြင်းများကြောင့် ခရီးသွားများ စိတ်ဒုက္ခရောက်နေရကြောင်း သိရသည်။

"အဆိုးဆုံးကတော့ ဆိုင်ကယ်ကယ်ရီတွေပါ လူသွားစင်္ကြံက ဆိုင်ကယ်၊ ဆိုက်ကားတွေ မရပ်ရဘူး။ အခုတော့ ထင်သလိုလုပ်နေတာ ဘယ်သူမှလည်း ပြောလို့မရဘူး။ ကြာရင် မလွယ်ဘူး"ဟု ခရီးသွားတစ်ဦး ကပြောသည်။

အဆိုပါ ဒလသင်္ဘောဆိပ်၏ အတက်အဆင်း တံတားတစ်လျှောက် လူသွားစင်္ကြံများတွင် စည်းကမ်းမဲ့ ဆိုင်ကယ် ဆိုက်ကားများ ရပ်တန့်ထားခြင်း၊ ခရီးသည်များအလုအယက်ခေါ်နေခြင်းများ ကြောင့် ခရီးသွားများ သွားလာမှု အဆင်မပြေ အခက်အခဲတွေ့နေရ၍ ရှင်းလင်းအရေးယူမှုများ ပြုလုပ်ပေးစေလိုကြောင်း ဒလမြို့နယ် ဒေသခံများနှင့် ခရီးသွားများက ပြောသည်။ **ထက်အောင်ပိုင်(ငါန်းဗွန်)**

ရုံးလုပ်ငန်းစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

စစ်တွေ ဧပြီ ၂

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ် (၁/၂၀၁၅)ဆင်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် ညနေ ၄ နာရီခွဲ၌ စစ်တွေခရိုင်ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် သင်တန်းသားထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပထဆုရရှိသူအား ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေကလည်းကောင်း၊ ဒုတိယဆုရရှိသူအား စစ်တွေခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအောင်ကလည်းကောင်း၊ တတိယဆုရရှိသူအား မောင်တောခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် တောင်ပြိုလက်ဝဲမြို့နယ်ဦးစီးမှူး ဦးမြင့်ခိုင်အား ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ File Transfer Protocal (FTP) ပေးပို့ခြင်း၊ Gmail ပေးပို့နည်း၊ ခေါင်းဆောင်မှုပညာ၊ လူထုဟောပြောနည်း စသည့် ဘာသာရပ်များအား ပို့ချခဲ့ပြီး စစ်တွေခရိုင်နှင့် မောင်တောခရိုင်တို့မှ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကာလမှာ မတ် ၂၉ ရက်မှ ၃၁ ရက်အထိ ၃ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **စော်နိုင်ထွန်း(IPRD)**

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၄-၂၀၁၅)ပညာသင်နှစ် အခြေခံပညာဆင့် ဘက်စုံပညာထူးချွန်(လူရည်ချွန်)အဖြစ် ရွေးချယ်ခံရသော တပည့်နှစ်ဦးအား မိသားစုများနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

မောင်သီဟသွေး
(ဘ.ရ.ဒ-၁၁)ဒသမတန်း
အ.ထ.က(၆)ဗိုလ်တထောင်

မယမင်းသွင်
(ဘ.ရ.အ-၁၂)အဋ္ဌမတန်း
အ.ထ.က(၂)ဗိုလ်တထောင်

Saya Patrick
Mathematics Tutorial Classes

ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့၊ အမှတ်(၅၃/ခ)၊ ဦးလှထွန်းလွင် အနောက်လမ်းဟု ခေါ်တွင်သည့် အလျားပေ(၂၀)(၈)လက်မ၊ အနံ(၁၀)ပေရှိ ခြံကွက်နှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်တို့အား ပိုင်ရှင်ဒေါ်အေးအေးသွယ် (E/SRM ၁၂၃၂၈၈)ထံမှ ကျွန်မဒေါ်ဝေဝေလွင်(ခ)ဒေါ်လှမြင့်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်ရန် ရှိသူများကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဝေဝေလွင်(ခ)ဒေါ်လှမြင့်[၁၂/မဂတ(နိုင်)၀၆၉၂၆၀]
၂/ခ၊ ရတနာပုံ(၄)လမ်း၊ (၁၀/မြောက်)သာကေတ

ဒေါ်တင်ဍ[၁၂/တမန(နိုင်)၀၁၂၆၇၇]၊ ကန်ထရိုက် ဒေါ်ဥမ္မာမြင့်[၁၂/အစန(နိုင်)၀၀၅၈၅၉] နှင့် အများသိသာစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/E)ရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၁၆၄)နေ ဒေါ်နုနုရီ[၁၂/စကန(နိုင်)၀၀၁၃၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝွတ္တလစ်တောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၄၄)၊ (မြေကွက်အမှတ်-၁၃၀၃)ဟု ခေါ်တွင်သော(ပေ၂၀× ပေ၄၀)၌ မြေကွက်မှာ ဒေါ်တင်ဥနှင့် ဒေါ်အေးမြိုင်တို့ ပိုင်ဆိုင်ခဲ့ကြပါ သည်။ ဒေါ်အေးမြိုင်သည် လွန်ခဲ့သော (၄)နှစ်က ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာ့လေ့ထုံးတမ်း ဥပဒေအရ ဒေါ်အေးမြိုင်၏ တစ်ဦးတည်းသောသမီး ဒေါ်နုနုရီက ယင်းမြေကွက်ကို ဒေါ်တင်ဥနှင့် ပူးတဲ့ ပိုင်ဆိုင်ခဲ့ပါသည်။

၂။ ထို့ကြောင့် ၁၈-၆-၂၀၁၂ရက်တွင် မြေပိုင်ရှင်များဖြစ်ကြသော ဒေါ်တင်ဥနှင့်ဒေါ်နုနုရီတို့သည် ကန်ထရိုက် ဒေါ်ဥမ္မာမြင့်နှင့် ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယင်းကန်ထရိုက်စာချုပ်တွင် မြေပိုင်ရှင်အဖြစ် ဒေါ်နုနုရီနှင့် ဒေါ်တင်ဥတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး ကန်ထရိုက်အဖြစ် ဒေါ်ဥမ္မာမြင့်က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့နောက် မြေပိုင်ရှင် ဒေါ်နုနုရီနှင့် ဒေါ်တင်ဥတို့က ကန်ထရိုက် ဒေါ်ဥမ္မာမြင့်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလုပ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။

၃။ ထိုသို့ အဆောက်အအုံ ဆောက်လုပ်ရာတွင် မြေချပါမစ်ရရှိရေး၊ အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိရေးတို့အတွက် ကန်ထရိုက် ဒေါ်ဥမ္မာမြင့်မှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး အဆောက်အအုံ ဆော-ဘက်လုပ် ခဲ့ပါသည်။

၅။ မြေပိုင်ရှင် ဒေါ်နုနုရီအနေနှင့် ဒေါ်တင်ဥနှင့် ဒေါ်ဥမ္မာမြင့်တို့အပေါ် ယုံကြည်သဖြင့် အဆောက်အအုံ ဆောက်လုပ်နေခြင်းကို တစ်ခါတစ်ရံမှသာ သွားရောက်ကြည့်ရှုခဲ့ပါသည်။ ယခုအဆောက်အအုံပြီးစီးခါနီးဖြစ်၍ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သည်ဟုသော ဆိုင်းဘုတ်အစိမ်းတွင် ပိုင်ရှင်အမည် ဒေါ်တင်ဥဟု လည်းကောင်း၊ လိုင်စင်ကန်ထရိုက်တာ ဦးလာလူ(LC-716)ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကန်ထရိုက် ဒေါ်ဥမ္မာမြင့်ထံမှ မြေချပါမစ်ကို တောင်းယူကြည့်ရှုခဲ့ရာ မြေပိုင်ရှင် ဒေါ်တင်ဥ တစ်ဦးတည်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့သည် မြေကွက်မှာ နှစ်ဦးပိုင်ဖြစ်ကြောင်းသိလျက်နှင့် မြေချပါမစ်လျှောက်ထားရာတွင် မြေပိုင်ရှင် ဒေါ်နုနုရီ+ဒေါ်တင်ဥဟု လျှောက်ထားရမည်ကို မရိုးမဖြောင့်သော သဘောဖြင့် ဒေါ်တင်ဥ တစ်ဦးတည်းအမည်ဖြင့် လိမ်လည်လျှောက်ထားခဲ့သောကြောင့် အိုးအိမ်ဦးစီးဌာနမှ ဒေါ်တင်ဥ တစ်ဦးတည်းအမည်ဖြင့် မြေချပါမစ်ထုတ်ပေးခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာမှ ဆောက်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ ထို့အပြင် ဆောက်လုပ်ခွင့် ဆိုင်းဘုတ်အစိမ်းတွင် လိုင်စင်ကန်ထရိုက်တာမှာ ဦးလာလူဟု ဖော်ပြထား၍ ဒေါ်ဥမ္မာမြင့်သည် လိုင်စင်ရကန်ထရိုက်တာ မဟုတ်ဘဲ ကန်ထရိုက်တာဟု လိမ်လည်လှည့်ဖြားပြီး ဒေါ်နုနုရီ+ဒေါ်တင်ဥတို့နှင့် ကန်ထရိုက်အဆောက်အအုံ ဆောက်လုပ်ရန် စာချုပ် ချုပ်ဆိုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၈။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝွတ္တလစ်တောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၄၄) ဟု ခေါ်တွင်သော ပေ(၂၀×၄၀) မြေကွက်အမှတ်(၁၃၀၃) ဟု ခေါ်တွင်သော မြေကွက်မှာ ဒေါ်တင်ဥ နှင့် ဒေါ်နုနုရီတို့နှစ်ဦး ပူးတွဲ ပိုင်ဆိုင်ပါကြောင်းနှင့် မြေပိုင်ရှင်ဒေါ်နုနုရီ သဘောတူလက်မှတ် ရေးထိုးထားခြင်း မရှိသော ကန်ထရိုက်က ရောင်းချသော တိုက်ခန်းများ၊ ဒေါ်တင်ဥက ရောင်းချသော တိုက်ခန်းများမှာ တရားမဝင် အတည်မဖြစ်ပါကြောင်း အများသိသာစေရန်ကြေညာအပ်ပါသည်။

ဒေါ်နုနုရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုန်းမြင့်
B.Sc (Q)., C.T.Med., H.G.P.,R.L
D.B.L.,D.M.L.,D.I.L.,D.A.Psy.,D.A.E
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)

ဒေါ်ကေခိုင်မွန်
LL.B,D.B.L.,D.M.L.,D.I.L.,
အထက်တန်းရှေ့နေ(စဉ်-၃၈၃၈၃)

အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၂

ကွယ်လွန်သူဒေါ်ခင်ခင်လေး [၁၂/သလန(နိုင်)၀၆၄၀၆၉]၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

၁။ ဒေါ်အိအိထိုက် လျှောက်ထားသူ

၂။ ဦးလင်းဇော်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗဘားဒလမ်း၊ အမှတ်(၉၃၈)နေ ဒေါ်အိအိထိုက်[၁၂/ဒဂမ(နိုင်)၀၀၇၇၂၇]နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၉)နေ ဦးလင်းဇော်[၁၂/ကတတ(နိုင်)၀၁၃၄၇၆]တို့က ကွယ်လွန်သူ ဒေါ်ခင်ခင်လေး၏ တူနှင့်တူမ ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်ခင်ခင်လေးမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးမှ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်ခင်လေးမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဧပြီလ ၉ရက် (၁၃၇၆ခုနှစ်၊ တန်ဆူးလပြည့်ကျော် ၆ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အိအိထိုက်နှင့် ဦးလင်းဇော်တို့၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ မတ်လ ၂၆ရက် ဤရုံးတံဆိပ်ကို ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြေအေး)

ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများပြင်ဆင်ခြင်းနှင့် တောင်းပန်လွှာ

၂၅-၃-၂၀၁၅ ရက် ကျွမ်းသစ် ပီဒီယာအချုပ်ပို သတင်းစာတွင် စာရေးဆရာမ မသီတာ(စမ်းချောင်း)၏ ဓာတ်ပုံအား မှားယွင်းစွာ ထည့်သွင်းမိပါသဖြင့် ကျွန်တော်တို့ Toto ကုမ္ပဏီမှစာရေးဆရာမ မသီတာ(စမ်းချောင်း) အား လေးစားစွာဖြင့် အနုအညွှတ်တောင်းပန်အပ်ပါသည်။ မူရင်း ဓာတ်ပုံပိုင်ရှင် ဒေါ်မြင့်မြင့်(မန္တလေး)အားလည်း အထူးပင်တောင်းပန်အပ်ပါသည်။

ဒေါ်မြင့်မြင့်
(၉/မရမ(နိုင်)၀၀၈၈၀၄)
မန္တလေးမြို့

ဖတ်စရာ

ရေသောက်ခြင်းဖြင့် ကုသခြင်း

à ကောင်းသုတ

ရေသောက်ခြင်းသည် ကျန်းမာရေးအထောက် အကူပြုနိုင်ကြောင်း၊ နံနက်မိုးလင်းသည်နှင့် ရေမတ်ခွက် နှစ်ခွက်၊ သုံးခွက်ခန့်ကို အနည်းငယ် နားနားပြီး သောက်ပေးခြင်းဖြင့် ဝမ်းတွင်း၌ရှိသော အပူအပုပ်များ ကင်းစင်၍ ကိုယ်စိတ်နှစ်ပါးကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါး ဖြစ်စေ၍ ရေသောက်ခြင်းသည် ကျန်းမာရေးအထောက် အကူပြုကြောင်း သိရှိပြီးဖြစ်ပေမည်။

ရေသောက်ခြင်းဖြင့် ခန္ဓာကိုယ်ပေါ့ပါးလန်းဆန်း၍ အသားအရေမှာ စိုပြေခြင်းကို ရရှိမည်။ နံနက်မိုးလင်းအိပ်ရာမှ ထချိန်တွင် ရေဖန်ခွက်လေးခွက်စာကို သောက်ပြီး နာရီဝက်ကျော်ခန့် အထိ မည်သည့်အစားအစာမှ မစားသေးဘဲ နေသင့်သည်။ နာရီဝက်ကျော်မှသာ အစားအသောက်များစားသုံးပါ။ ထိုကဲ့သို့ ရေကို စနစ်တကျ သောက်သုံးလျှင် ကျန်းမာရေးအထောက် အကူပြု၍ မကျန်းမာသူများ ကျန်းမာရေးကောင်းလာမည်။ ကျန်းမာသူများ ပိုမိုကျန်းမာသည့် ပေါ့ပါးလန်းဆန်းသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာရေးမှကို ရရှိမည်ဖြစ်သည်။

နံနက်တိုင်း အိပ်ရာမှ နိုးလျှင်နိုးချင်း ရေများများသောက်ပေးခြင်းဖြင့် နာတာရှည် ရောဂါများကိုပင်ပျောက်ကင်း သက်သာစေနိုင်ကြောင်းလည်း သိရသည်။ ခေါင်းကိုက်ခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ အဝလွန်ခြင်း၊ ဦးနှောက်အမြှေးပါးရောင်ရမ်းခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆစ်အမြစ်ရောင်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ နှေးခြင်း၊ ဝက်ရူးပြန်ခြင်း၊ ကျောက်ကပ်၊ ဆီးရောဂါ၊ အစာအိမ်နာ၊ ဝမ်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးချိုရောဂါ၊ လိပ်ခေါင်းရောဂါ၊ အဆုတ်နာ၊ လေပြွန်ပူခြင်း၊ ကင်ဆာရောဂါ၊ နာ၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါများအပြင် ဓမ္မတာသွေးဆိုင်ရာရောဂါများကိုပါ ရေသောက်ခြင်းကုထုံးကို အသုံးပြု၍ ဆီး၊ ဝမ်း၊ သွေး၊ လေညှိပေးကာ ရောဂါသက်သာပျောက်ကင်းစေနိုင်ပြီး သားအိမ် ရောဂါနှင့် မျက်စိရောဂါတို့ကိုပါ သက်သာပျောက်ကင်းစေပါသည်။

နံနက်အိပ်ရာထချိန်တွင် ရေသန့်ဘူး၏ ၁၀ ပုံပုံ ၆ ပုံ ပမာဏခန့် ရေသောက်ပေးပါ။ ၄၅ မိနစ်ခန့်စောင့်ပြီးမှ အစာစားပါ။ နံနက်စာ၊ နေ့လည်စာနှင့် ညစာစားပြီးနောက် ၂ နာရီအတွင်း မည်သည့်အစာမျှ ထပ်မစားသင့်ပေ။ ရောဂါများသက်သာစေသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိသောကြောင့် "ရေကိုပုံမှန်သောက်ခြင်းဖြင့် ကုသပါ"ဟု တိုက်တွန်းလိုက်ရပါသည်။

စဉ်ကူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

စဉ်ကူး ဧပြီ ၂

စဉ်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာများကို မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၆ ရက်က ဝါးရုံကုန်းကျေးရွာအုပ်စုနှင့် မာလဲကျေးရွာအုပ်စုတို့ရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ရေးဦးစွာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဝင်းဆွေက မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်းတို့ကို ဖြေလျော့သည့်နည်းစနစ် ဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သူလူတိုင်း မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုက်နယ်မှူး ဦးမင်းအောင်နှင့် ဦးပြည်ဖြိုးအောင်တို့က အသက်(၁၀)နှစ်ပြည့်ကျောင်းသားများနှင့် အသက်(၁၈)နှစ်ပြည့်ကျေးရွာပြည်သူတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခဲ့ပြီး ကွင်းဆင်းနေရာသို့ လာရောက်ရန်အခက်အခဲရှိသော သက်ကြီးရွယ်အို ဦးတင်မောင်(၇၄)နှစ် ကြို့ပင်ကျေးရွာအား မြို့နယ်ဦးစီးမှူးက အိမ်တိုင်ရာရောက် (Home Service) ဖြင့် ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

ကျောက်တန်းမြို့၌ ကျေးလက်ကွန်ကရစ်လမ်းနှင့်တံတားဖွင့်

ရန်ကုန် ဧပြီ ၂

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ပါဒကြီးကျေးရွာအဝင် ကွန်ကရစ်လမ်းနှင့် ချောင်းကူးတံတားဖွင့်ပွဲကို မတ် ၃၁ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါ ပါဒကြီးကျေးရွာအဝင် ကွန်ကရစ် လမ်းမှာ အရှည် ၁ မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အထူ ၇ လက်မရှိပြီး ကောင်းစံဝင်းကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထိုအပြင် ချောင်းကူးတံတားအား အရှည် ၁၆၀ပေ၊ အကျယ် ၁၄ ပေရှိပြီး AMG ကုမ္ပဏီက တာဝန်ယူတည် ဆောက်ခဲ့ကြောင်းသိရသည်။ **သန်းဝင်း(သန်လျင်)**

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

အုတ်မိုး ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဆင်ဂေါင်းကျေးရွာအုပ်စု ရှားတောကွင်းကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းကို မင်္ဂလာသုခကျောင်းတိုင်ဆရာတော် ဦးဝိစာရမှ မတ် ၂၇ ရက်က စတင်ကာ ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့ကြောင်း သိရ သည်။

သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းကို မန္တလေးတိုင်းဒေသကြီး သစ္စဝေဒဂ္ဂကျောင်းတိုက်မှ ဆရာတော် ဦးတေဇောဘာသနှင့် သင်တန်းဆရာမနှစ်ဦး၏ အကူအညီဖြင့် ဆက်လက်ပို့ချမည်ဖြစ်သည်။

အဆိုပါ ဧရာသီ ယဉ်ကျေးမှုသင်တန်းကို တက်ရောက်ကြသည့် သင်တန်းသား ကျောင်းသား၊ ကျောင်းသူများကို စတင်သည့်ရက်မှ သင်တန်းပြီးဆုံးသည့်အထိ အလျှုရှင်များ စုပေါင်း၍ အာဟာရဒါန ကျွေးမွေးလျှုဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းတိုး(စီးကုန်း)**

စိတ်ကြွဆေးများ ပိတ်ပင်တားဆီးရေးဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် ၁၆ ရပ်ကွက် လှော်ကားနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်လှမြင့်ဦးဆောင်သောအဖွဲ့သည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ် ၁၆ ရပ်ကွက်အတွင်းရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် လိင်စိတ်ကြွဆေးများ ရောင်းဝယ်ဖောက်ကားမှု မပြုရန် အသိပညာပေးဟောပြောခဲ့ပြီး နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် စီမံကိန်းအား လက်တွေ့ကွင်းဆင်းဆောင်ရွက်လျက်ရှိနေကြခြင်းဖြစ်ကြောင်း သိရသည်။ **မိုးနိုင်ကျော်**

ရန်ကုန်မြို့ ၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂ ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၉)မြေညီထပ်နေ ဦးအောင်သိန်း(၁၂/ပဇတ(နိုင်)၁၁၆၃၁၈) ၊ မအေးချမ်းမြတ်(၁၂/ပဇတ(နိုင်)၁၃၆၅၁၀)တို့နှင့်တကွ

"အမျှားသိစေရန် "

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် (၁၈)၊ အခန်း - (၄၁)(၅လွှာ) နေ ဒေါ်အုန်းမြင့် (၁၂/ပဇတ(နိုင်)၀၀၇၉၈၀) နှင့် ဒေါ်သီတာခိုင် (၁၂/ပဇတ(နိုင်)၀၀၇၉၈၂) တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အမျှားသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အုန်းမြင့်နှင့်ကွယ်လွန်သူခင်ပွန်းဦးသောင်းရွှေတို့မှ ဒေါ်မြင့်မြင့်စိန်၊ ဦးမြင့်နိုင်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်သီတာခိုင်တို့အား မွေးဖွားခဲ့ကြပါသည်။ ခင်ပွန်းဖြစ်သူမှာ ၁၉၉၉-ခုနှစ်တွင်လည်းကောင်း၊ သားဖြစ်သူဦးမြင့်နိုင် (လူပျို) သည်လည်းကောင်း ကွယ်လွန်ခဲ့ကြပါသည်။ ဦးမျိုးမြင့်အောင် (သားမက်) နှင့် သမီးဖြစ်သူဒေါ်ဝင်းဝင်းခိုင်တို့ ကွယ်လွန်ခဲ့ပြီး မြေးဖြစ်သူ (၈) နှစ်အရွယ် မအေးချမ်းမြတ် ကျန်ရစ်ခဲ့ပါသည်။ မအေးချမ်းမြတ်၏ မိဘနှစ်ပါးကွယ်လွန်သည့်အခါ အမွေပစ္စည်းများ ကျန်ရှိခဲ့ခြင်းမရှိပါ။ ထိုအချိန်မှစ၍ အဘွားဖြစ်သူဒေါ်အုန်းမြင့်နှင့် အဒေါ်ဖြစ်သူဒေါ်သီတာခိုင်တို့က မအေးချမ်းမြတ် လူလားမြောက်သည့်အထိ ရင်နင့်သီခြာသမီးရင်းပမာ ချစ်ခင်စွာဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဒေါ်အုန်းမြင့်သည် အသက်အရွယ်ကြီးရင့်လာသဖြင့် မိမိပိုင်ဆိုင်သည့်နေအိမ်ကိုရောင်းချ၍ သက်ရှိထင်ရှားသမီးနှစ်ဦးဖြစ်သော ဒေါ်မြင့်မြင့်စိန်နှင့်ဒေါ်သီတာခိုင်တို့အား ခွဲဝေပေးခဲ့ပါသည်။ ကျန်ရှိသည့်ငွေများကို ကျွန်ုပ်မိတ်ဆွေဒေါ်အုန်းမြင့်သည် ၎င်းသက်ရှိထင်ရှားရှိစဉ် ဆက်လက်ရှင်သန်နေထိုင်ရန်အတွက်ရည်ရွယ်၍ သမီးဖြစ်သူဒေါ်သီတာခိုင်၏နေအိမ်အနီး၊ ရန်ကင်းမြို့နယ်ရှိ တိုက်နန်းကို မိမိတစ်ဦးတည်းနာမည်ဖြင့် ဝယ်ယူ၍ မြေးဖြစ်သူမအေးချမ်းမြတ်နှင့်အတူ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေဒေါ်အုန်းမြင့်နှင့်အတူနေထိုင်သော မအေးချမ်းမြတ်ကို အဒေါ်ဖြစ်သူဒေါ်သီတာခိုင်က သမီးရင်းကဲ့သို့ ၎င်း၏လုပ်ရေး၊ ကျန်းမာရေးပညာရေးများကို တာဝန်ယူဖြေရှင်းပေးခဲ့ပါသည်။ ထို့ပြင် မိခင်ဒေါ်အုန်းမြင့်၏ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကိုလည်း ယနေ့တိုင် ဒေါ်သီတာခိုင်မှ တာဝန်ယူဖြေရှင်းပေးနေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ အသက်အရွယ်အားဖြင့် (၇၃) နှစ်ရှိသော ဒေါ်အုန်းမြင့်သည် မိမိပိုင်ငွေကြေးဖြင့် တစ်ဦးတည်းအမည်ပေါက်ဝယ်ယူခဲ့သော ရန်ကင်းမြို့နယ်ရှိတိုက်ခန်းအား ရောင်းချ၍ မြေးဖြစ်သူနှင့်အတူ သမီးဖြစ်သူဒေါ်သီတာခိုင်၏တိုက်ခန်းသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။ ထိုသို့နေထိုင်နေစဉ်အတွင်း မြေးဖြစ်သူသည် ၎င်း၏ဆန္ဒဖြင့် ဖခင်ဘက်မှ အဖိုးအဖွားမျှားထံသို့ လွန်ခဲ့သည့် ၂၀၁၅-ခုနှစ်၊ ဇန်နဝါရီလ အတွင်းက ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဒေါ်အုန်းမြင့် ပိုင်ဆိုင်သော ရောင်းချခဲ့သည့်တိုက်ခန်းနှင့်ပတ်သက်၍ မြေးဖြစ်သူနှင့်တကွ ဖခင်ဘက်မှ တော်စပ်သော အဖိုးဖြစ်သူဦးအောင်သိန်းတို့သည် ဒေါ်အုန်းမြင့်နှင့်ဒေါ်သီတာခိုင်တို့အပေါ် မအေးချမ်းမြတ်၏ အမွေဝေစုအဖြစ် မဟုတ်မမှန် စွပ်စွဲ၍ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် ရပ်ကွက်ရုံးများသို့ တိုင်ကြားစာများပေးပို့၍သော်လည်းကောင်း၊ ဝယ်ယူထားရှိသည့် အခန်းပိုင်ရှင်များထံသို့ သွားရောက်တားမြစ်ပြောဆိုချက်များသည်လည်းကောင်း ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါကြောင်း သိစေအပ်ပါသည်။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေဒေါ်အုန်းမြင့်သည် မည်သူတစ်ဦးတစ်ယောက်မှ သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ လှည့်စားခြင်းမပြုနိုင်သည့် ကျန်းမာရေးကောင်းမွန်နေသူ တစ်ဦးဖြစ်ပါသည်။ သက်ရှိထင်ရှားရှိနေသော ဒေါ်အုန်းမြင့်ထံသို့ မည်သူတစ်ဦးတစ်ယောက်မှ အမွေဝေစုအဖြစ်သတ်မှတ်၍ တောင်းခံနိုင်ခြင်းမရှိပါ။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အုန်းမြင့် နှင့် ဒေါ်သီတာခိုင်တို့အပေါ် ဦးအောင်သိန်းနှင့်မအေးချမ်းမြတ်တို့၏ ဥပဒေမဲ့ဆောင်ရွက်ချက်များကို ဆက်လက်မပြုလုပ်ရန် လေးနက်စွာ တောင်းဆိုအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိ ဆက်လက်ပြုလုပ်နေမည်ဆိုပါက နစ်နာမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်သိန်း၊ မအေးချမ်းမြတ်တို့နှင့်တကွ အမျှားသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ရွှေမြိုယ်းညွှန့် (တရားလွှတ်တော်ရှေ့နေ)
SHWE MYANMAR LAW FIRM
အမှတ် - ၆၂ အခန်း- ၂၁ ၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၀၉ ၄၃၀ ၆၅၅၃၅၊ ၀၉ ၇၉၅၉၅ ၁၆၁၂
Email : shwemyanmarlawfirm@gmail.com

အမျှားသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သယ်နှီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၉၇/၁၃၂)၊ မြေအကျယ်အဝန်း(၃၃×၇၀)ပေရှိ မြေနှင့် အရပ်အခေါ် သယ်နှီးကျွန်းမြို့နယ်၊ နှင်းဆီကုန်း(၈)ရပ်ကွက်၊ ဂမုန်းလမ်း၊ အိမ်အမှတ်(၅၂)တွင် ပိုင်ဆိုင်ပြီးစီမံဆောင်ရွက်ပိုင်ခွင့်ရှိသည်ဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ စီမံဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် ကျွန်မဒေါ်ခင်ညိုး၏ ပါဝင်ခွင့်ပြုခြင်းမရှိဘဲ အဆိုပါ မြေနှင့်အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်တင်သွင်းခဲ့ခြင်းများ ပြုလုပ်ခဲ့ပါလျှင် ပြုလုပ်သူ၏ တာဝန်သာဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ ဒေါ်ခင်ညို[၁၂/သယက(နိုင်)၁၁၀၁၄၆]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဦးကျော်သိန်း-ဒေါ်မရှင်ဦးတို့၏ သားမောင်ကြည်ဝင်း[၁၁/စတန(နိုင်)၀၄၅၅၆၃]သည် မိဘနှင့်မိသားစုတို့အား စိတ်ဆင်းရဲအောင် မိမိဆန္ဒဖြင့် အမျိုးမျိုးလုပ်ဆောင်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအားသားအဖြစ်မှ လည်းကောင်း၊ မိသားစုဝင်အဖြစ်မှ လည်းကောင်း အမွေပြတ်စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝအရှုပ်အရှင်းကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)
ဦးကျော်သိန်း-ဒေါ်မရှင်ဦး

သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေ(၂)လမ်း၊ မြေကွက်အမှတ်(၁၆၆)မှ ဦးလှသန်း နိုင်ငံသားကတ်အမှတ် (MHA ၀၀၁၃၃၁) အထက်တန်းပြ(အပြင်းစား)အမည်ဖြင့် ရရှိပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးထားခြင်း စသည်တို့မရှိခဲ့ကြောင်း ဦးလှသန်းမှာ ကျန်းမာရေးအခြေအနေအရ သမီးဖြစ်သူနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၀)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၉၄)တွင် နေထိုင်လျက်ရှိပါသည်။ ယခုအချိန်တွင် အမည်နေရပ်လိပ်စာ မသိသူတစ်ဦးမှ လာရောက်ခြိမ်းခြောက်သည်ကို တွေ့ရှိရသဖြင့် ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်းပိုင်ရှင်နှင့် တွေ့ဆုံရှင်းလင်းပေးရန်နှင့် ဆက်သွယ် ဆောင်ရွက်ခြင်းမပြုပါက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးအား အသိပေး၍ ဖျက်သိမ်းဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအေးရွှေ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၀၅/၉၄)
အမှတ်(၁၁၆/ဘီ)စိန်ပန်းမြိုင်လမ်း၊ (၃၃)ရပ်ကွက်၊ မြောက်ဒဂုံ။
ဖုန်း-၀၉-၅၁၇၂၄၆၅

အာနန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရှုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရှုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

ယခင်အပတ်မှအဆက်

" ကြိုင် . . . လှိုင် . . . ခိုင်လုံးရယ်၊ ကြိုင် . . . မြိုင် . . . လှိုင် . . . ခိုင်လုံးရယ်၊ ခိုင်လုံးရယ် . . . ခိုင်လုံးရယ်၊ ခိုင်လုံးရယ်မွေး "

ပျော်ပျော်ရွှင်ရွှင် ဆိုကီးနေသဖြင့် အချိန်ကုန်၍ ကုန်မှန်းမသိ။ ညအတန်နက်မှ မြိုင်တို့ ခိုင်တို့က အိမ်ပြန်ကြသည်။ ကျွန်တော်နှင့် ကိုကိုက သူတို့ခြံစည်းရိုးအထိ လိုက်ပို့သည်။

သူတို့ခြံဝင်းဘက်ရောက်မှ မြိုင်သည် သမင်လည်ပြန်လှည့်ကြည့်ပြုံးရင်း လက်ပြနှုတ်ဆက်သည်။

ကိုကိုကလည်း ပြုံး၍ မြိုင့်ကို ပြန်လက်ပြသည်။

ကျွန်တော့်မျက်လုံးများသာ ခိုင်တို့အိမ်အပေါ်ထပ်ဆီ ရောက်သွား၏။

အပေါ်ထပ် ပြတင်းတစ်ခုဆီမှ ခန်းဆီးသည် ရုတ်တရက် လှုပ်ရှားသွားသည်။ ခန်းဆီးကျသည်မှာ မြန်သော်လည်း ခန်းဆီးနောက်ကွယ်၌ ပုန်းကွယ်ပျောက်သွားသူကို သဲသဲကွဲကွဲ မြင်လိုက်ရရုံ အချိန်ရသည်။

ခန်းဆီးနောက်ကွယ်၌ ပုန်းလျှိုးပျောက်ကွယ်သွားသူမှာ ခိုင် ညီအစ်မသုံးဦးတို့ တွေ့ဆုံခန်း၌ပင် ဤဝတ္ထုကြီး၏ ပထမပိုင်းကို ကျွန်တော် နိဂုံးချုပ်ခဲ့သည်။

နိဂုံးချုပ်ခြင်းဆိုသည်မှာ နိဒါန်းတစ်ရပ်ကို အစပျိုး၍ ဇာတ်လမ်းသစ်တစ်ပုဒ်ကို စရေးရမည်ဟု အနက် အဓိပ္ပာယ်ပေါက်နေပါသည်။

ဤစကားသည် မှန်၏။ ငွေလသာသော ထိုတစ်ည၌ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦးနှင့် ခိုင်တို့ ညီအစ်မ တစ်သိုက် တွေ့ဆုံရခြင်းသည် ကျွန်တော်တို့အားလုံး၏ ဘဝများ၌ အရေးကြီးသော မှတ်တိုင်တစ်တိုင် ဖြစ်ပါသည်။

အဓိကဖြစ်သော ခရီးတစ်ကွေ့လည်း မည်ပါ၏။ အကြောင်းမှာ ထိုတစ်ညမှစ၍ ကျွန်တော်တို့ အားလုံး၏ ဘဝများသည် နောင်အရှည်သဖြင့် ခွဲမရအောင် ကြမ္မာချင်းယှက်သွယ်ပူးလိမ်ချည်နှောင်မိကြသည်။

ယခုအချိန်၌ ပြန်စဉ်းစားလျှင်မူ (အသည်းနာဖွယ် ကြုံခဲ့ရပြီဖြစ်သဖြင့်) ထိုစဉ်က သာယာခဲ့မိသော ဝါကျွတ်လ ငွေရောင်ညကို စိတ်နာရမည်ကဲ့သို့ရှိ၏။ အမှန်မှာ ဘဝမည်သည် ဖြစ်ရာ ဖြစ်ချင်သည်လည်း ဖြစ်တတ်သကဲ့သို့ မဖြစ်ချင်သည်လည်း မဖြစ်တတ်သော သဘောရှိသည်။ ခက်သည်မှာ ဖြစ်ချင်သည်တို့ ဖြစ်လာချိန်နှင့် မဖြစ်ချင်သည်တို့ မဖြစ်လာသော ကာလများကို ကျွန်တော်တို့ အစိုးမရခြင်းသာရှိသည်။ အစိုးရပြန်လျှင်မူလည်း ပေါင်းဆုံခြင်း၊ ကွဲကွာခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည့် ငိုခြင်း၊ ရယ်ခြင်းတို့ဖြင့် သာလျှင် ဆန်းစုံကုံလုံပြည့်ဝရသည့် ဘဝဇာတ်ခုံကြီးမှာ လွမ်းမောတသရလောက်အောင် တပ်မက်ဖွယ်ဖြစ်သည်မဟုတ်။ လူသမိုင်း ဆိုသည်မှာလည်း တစ်မျဉ်းပြေးသကဲ့သို့ မွေးခြင်း၊ ဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော သတ္တဝေဒနီယာမ မှတ်တမ်းရှည်ကြီးသာ ဖြစ်နေပေလိမ့်မည်။ လူ့ဘဝ ဆိုသည်မှာလည်း ဖုန်း၍ငုံကာ ပွင့်၍အာရာမှ ရင့်သောအခါ ညိုဝါ၍ မမွှတာအလျောက် မြေအောက်ကျ ကြွေသုဉ်းရလေသောတောရိပ်ပင်ထက်မှ သစ်ရွက်မျှသာ အဓိပ္ပါယ်ရှိပေမည်။

လူ့ဘဝ၏အစိုးမရခြင်းကို ဝိသေသဖွဲ့၍ ချဲ့နေသ-ဖြင့် ဖြစ်ခြင်း၊ ပျက်ခြင်း (သို့မဟုတ် မဖြစ်လာခြင်း၊ မပျက်လာခြင်း) တို့၌ အကြောင်းမဲ့သည်ဟူ၍ ကျွန်တော် ဆိုလိုနေသည်မဟုတ်ပါ။ အကြောင်းကံ ဆိုသည်မှာ ရှိပါသည်။

အကြောင်းကံ ဆိုသည်မှာလည်း ဘဝရှုထောင့်မှ ကြည့်လျှင် အတိတ်က ပြုခဲ့သမျှတွေသာ ဖြစ်၏။

ပြုခဲ့သမျှကို ပြုနေစဉ်တုန်း၌မူ အကြောင်းခံလေသည်ဟု မည်သည့်ပုထုဇဉ်လူသားမျှ မသိ။ မသိသည်လည်း မဆန်း၊ လူသည် အကျိုးကို ရင်ဆိုင်လေရာမှ အကြောင်းကို ပြန်လည်ဆင်ခြင်သုံးသပ်ကြသည်။ ထိုအချိန်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည့် တရားသဘောမည်တော့လေသဖြင့် ပြုပြင်နိုင်ခြင်းငှာ မစွမ်းတော့။ ပစ္စုပ္ပန်၏ ရလဒ်ဖြစ်သော အကျိုးတရားကိုသာ မကြိုက်သည့်တိုင်အောင် လက်ဝယ်ပိုက်ရင်း ငိုညည်းချင်ကာမှ ငိုညည်း တိမ်းရှောင်ငြင်းဆန် မသိကျိုးကျွန်ပြု၍ မရတော့ . . . ။

ဤဝတ္ထုကြီးကို ရေးနေစဉ် ဤသင်ခန်းစာကို ကျွန်တော် ရင်ကွဲပက်လက်ဖြင့် ရရှိနေပါသည်။

ဤယထာဘူတ တွေးခေါ်မြော်မြင်ချက်ကို ရေးမိသဖြင့် စာရှည်သူ၏ အာရုံပျက်သည်ဆိုလျှင် ဝမ်းနည်းရှိသေစွာ တောင်းပန်ပါသည်။ မပြောချင်ပါဘူးဆိုလျက် ရင်တွင်း၌ တသက်သက် မခံသာအောင် လှုံ့ဆော်နှိပ်စက်နေသည့် ဇာတ်လမ်းကိုပင် ကျွန်တော် ပြန်ဆက်ပါမည်။

ကိုကိုပြန်ရောက်လာသဖြင့် ကျွန်တော်တို့အိမ်၌ အပျော်ဆုံးလူတစ်ဦးကို ညွှန်ပြပါဆိုလျှင် မေမေ့ကိုသာ ပြရပါမည်။ ဖေဖေ မည်မျှပျော်သည်ကိုမူ ကျွန်တော် မခန့်မှန်းတတ်။ ဖေဖေ့မျက်နှာကို အကဲခတ်ရသည်မှာ မလွယ်ပါ။ ဖေဖေသည် ပျော်ရွှင်မှုကိုလည်းကောင်း၊ စိတ်ဆိုးမှုကိုလည်းကောင်း၊ ဝမ်းနည်းမှုကိုလည်းကောင်း၊ မျက်နှာပျက်တတ်သူ မဟုတ်။ မည်သို့ဖြစ်စေ ကိုကိုပြန်ရောက်လာကတည်းက ဖေဖေသည် ညနေတိုင်း သူမှန်မှန်သွားလေ့ရှိသော ဂေါက်ကွင်းသို့ မသွားသည်ကို ထောက်ရှုသဖြင့် ဖေဖေလည်း သားကြီးကို ရှုမြင်နေသည်မှာ ကျေနပ်နှစ်သိမ့်ကြောင်း ထင်ရှားသည်။

မေမေမှာမူ စျေးကို နေ့စဉ် ကိုယ်တိုင်သွားသည်။ ကိုကို့အတွက်တွင်မက ကိုကို့ထံ မှန်မှန်လာကြသော ဧည့်သည်များအတွက်ပါ မေမေသည် စားကောင်းသောက်ဖွယ်တို့ကို မမောနိုင်မပန်းနိုင် ချွေးတလုံးလုံးဖြင့် တစ်နေကုန် ချက်နေတတ်သည်။ ထူးထူးဆန်းဆန်းအဖြစ် တွေ့ရသည်မှာ မြိုင် တစ်ယောက်လည်း ကျွန်တော် တို့ အိမ်ဘက်သို့ အမှတ်မထင်ကူးလာတတ်ပြီး မေမေအလုပ်များနေလျှင် ဝင်ရောက်ကူညီတတ်ခြင်းပင်ဖြစ် သည်။

ပျော်ရွှင်ဖွယ် အကောင်းဆုံးလည်းဖြစ်၍ ခိုင်နှင့် ကျွန်တော်တို့ဘဝတွင် စွဲထင်ကျန်ရစ်အောင် ထိတ်လန့်ဖွယ်လည်းဖြစ်သော အတွေ့အကြုံတစ်ရပ်ကို သီတင်းကျွတ်ပွဲ မတိုင်မီ သုံးရက်ခန့်အလိုဌ် တွေ့ကြုံရသည်။

တနင်္ဂနွေနေ့တွင် မိသားစု ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်ရန် မေမေ စီမံသည်။ သန်လျင်မြို့ တစ်ဝိုက်၌ ပျော်ပွဲစားထွက်ရန် နေရာကောင်းများ ပေါပါဘိခြင်း၊လွမ်းဆွတ်ဖွယ် ဇာတ်လမ်း နောက်ခံနှင့် ရှင်မွေ့ရွန်းကုန်းလည်းရှိသည်။ ကျိုက်ခေါက်စေတီတော်သို့လည်း သွားနိုင်သည်။ ထိုထက်မကကျောက်တန်းမြို့အထိဆက်၍ ရေလယ်ဘုရားသို့ သွားလိုကလည်း သွားနိုင်သေးသည်။

ဤလိုနေရာကောင်း အများအပြားရှိသည့်ကြားမှ ကိုကို က ပျော်ပွဲစားထွက်ရန် ဦးထွန်းမောင်ကြီးခြံကို ရွေးသည်။

ဦးထွန်းမောင်ကြီးသည် ပုလိပ်ကျွတ်နစ် အကျီ်ဟောင်းနှင့် ပုလိပ်သက္ကလတ်ဦးထုပ်အဟောင်းကြီးကို ဝတ်တတ်သည့် လက်သမားကြီးအဖြစ် ကျွန်တော် မှတ်မိသည်။ အသားမှာမည်းရုံမက ပြာနေသည်။ ခြေတံ၊ လက်တံများမှာ ရှည်၍ အရပ်ကြီးမှာလည်း ရှည်သည့်အပြင် နှာခေါင်းကြီးနှင့် မျက်နှာကြီးတို့ကလည်း ရှည်သည်။ ဤသို့အားလုံး ရှည်သည့်နည်းတူ စိတ်ကလည်း အလွန်ရှည်သည်။

ဦးထွန်းမောင်၏အမေ အရီးစိမ်းသည် ရှေးဟောင်းဝမ်းဆွဲလက်သည်ကြီးဖြစ်၍ ဖေဖေ့ကိုရော မေမေ့ကိုပါ မွေးဖွားပေးခဲ့သူဟု ဆို၏။ ယခုအချိန်၌ အရီးစိမ်းမရှိတော့ပြီ။

ဦးထွန်းမောင်ကြီးသည် လက်သမားဆိုသော်လည်း လက်သမားအလုပ်ကို အဓိကထား လုပ်သူမဟုတ်။

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

မူခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မူခင်းအသိပညာရရှိစေဖို့
မူခင်း ရှောထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(J/3)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017
★ခရီးသွားတုန်းအိမ်ကရတနာပစ္စည်းတွေအခိုးခံရ ★မယားကစားနဲ့ထိုးလို့ အိမ်ပေါ်ကပြုတ်ကျပြီး သေဆုံးရတဲ့ လင် ★မီးရှို့ခံတဲ့သူက မီးလာမြှိမ်းသတ်ပေးသူကို တုတ်နဲ့ရိုက် ★ပုပ်ပွသေဆုံးနေတဲ့အလောင်းအတွက် ပြစ်မှုကျူးလွန်သူကို ဖမ်းမိပြီ ★ တဲစောင့်အဖြစ်ထားခဲ့တဲ့ သမီးငယ်ကို သားမယားအဖြစ်ပြုကျင့်ခဲ့တဲ့ စားပွဲထိုး ★(၁၃)နှစ်အရွယ် အမှိုက်သိမ်းကောင်မလေး သေဆုံးသွားရတဲ့ဖြစ်ရပ်★ ခရမ်းမှာ တရားမဝင် လောင်စာဆီတွေသိုလှောင်ထားလို့ ဖမ်းပြီ ★ဂက်စ်ပိုက်ပေါက်လို့ ကားမီးလောင် ★ရန်ပြိုးကြောင့် အသက်(၈၅)နှစ်အရွယ် အဘွားအိုသေဆုံးသွားရတဲ့ဖြစ်ရပ် ★ခဏလာဦးခေါ်ပြီး ဓားနဲ့ထိုးလို့နေသဆုံးသွားရတဲ့ဖြစ်ရပ် ★အရက်ဖိုးမပေးလို့ နေအိမ်ကိုမီးနဲ့ရှို့သတဲ့ ★တိုစရာ ဝယ်ခိုင်းလိုက်တဲ့ကောင်မလေး သားမယားအဖြစ်ပြုကျင့်ခံရ ★ထိုးသွင်းဒဏ်ရာတွေနဲ့သေဆုံးနေတဲ့ အမျိုးသမီး ★စွပ်စွဲပြောဆိုကာ ပေါက်ဆိန်နဲ့ခုတ်ခဲ့တဲ့ဖြစ်ရပ် ★အခင်းစပ်မှာ အသတ်ခံရသူရဲဖြစ်ရပ် ★အပြိုးထားကာ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး တရွတ်တိုက်ဆွဲခေါ်ခဲ့သူရဲ့ ဖြစ်ရပ်... စတဲ့သတင်းများနဲ့အတူ **ကဏ္ဍစုံလင်စွာ ဖတ်ရှုရမည်။**

ရောင်းမည်
လှိုင်မြို့နယ်၊
ဓမ္မာရုံလမ်းမကြီး
(၃၇၉၀ Sq/ft)
ကျပ်သိန်း (၈၀၀၀)
(ပွဲစားများဆက်သွယ်နိုင်ပါသည်)
ဆက်သွယ်ရန်
ဖုန်း-၀၉-၃၁၀၆၇၂၀၆၊
၀၉-၇၃၂၃၀၄၈

သင်္ကြန်ကာလ မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကြီခင်း ဧပြီ ၂

သင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကြီခင်းမြို့နယ် ဘက်ရဲနယ်မြေ ရဲစခန်းပိုင် ကြို့ပင်စုကျေးရွာအုပ်စု ကိုင်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ၌ မတ် ၃၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရဲအုပ် စိုးလွင်ကျော်နှင့် ဒုရဲအုပ်ကျော်စွာမြင့်တို့က မှုခင်းကြိုတင်ကာကွယ်ရေးအကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၄ ခုနှစ်အတွင်း ကြို့ပင်စုကျေးရွာအုပ်စုတွင်း လူသတ်မှု နှစ်မှုဖြစ်ပွားခဲ့သဖြင့် Hot Sport Area သတ်မှတ်ပြီး မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်သွားမည့် အစီအမံများ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအတွင်း လိုင်စင်မဲ့ယစ်မျိုးများ ရောင်းချမှုမရှိစေရေး လိုင်စင်မဲ့ လက်နက်ပုန်းများ ကိုင်ဆောင်မှုမရှိစေရေး ပြေးလေးပြေးများ ခိုအောင်းနေထိုင်မှုမရှိစေရေးတို့ကို ဆွေးနွေးတင်ပြခဲ့သည်။

သင်္ကြန်ကာလတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန်ပြောကြားခဲ့ပြီး သင်တန်းသူ သင်တန်းသားများအား ဗုဒ္ဓတရားတော်နှင့်အညီ ပြစ်မှုဆိုင်ရာ ဥပဒေများအား ယှဉ်တွဲချပြပြီး အပြန်အလှန်အမေးအဖြေများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

သင်္ကြန်ကာလ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးဟောပြော

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ရွှေမင်္ဂလာဈေးသစ်တွင် သင်္ကြန်ရုံးပိတ်ရက်အတွင်း အများပြည်သူပိုင်ဆိုင်သော ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ် မဖြစ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနနှင့် အောင်မြင်သူအုပ်စု ကုမ္ဂဏီလိမိတက်တို့ ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ဟောပြောပွဲ၊ အလျှင်ငွေပေးအပ်ပွဲနှင့် မီးငြိမ်းသတ်လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၈ နာရီက မင်္ဂလာတောင်ညွှန့်မြို့နယ် ရွှေမင်္ဂလာ ဈေးသစ်သုံးထပ်ကားပါကင်၌ ကျင်းပခဲ့သည်။

ရွှေမင်္ဂလာဈေးသစ်၏ မီးဘေးကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရဲသူရိန်ဦးဌေးဝင်းက "စည်ပင်သာယာ နယ်နိမိတ် ဈေးများအနက် အလိုအလျောက် မီးငြိမ်းသတ်စနစ်ပါတဲ့ ဈေးတစ်ဈေးဖြစ်တဲ့အတွက် ခေတ်မီဈေးလို့ပြောရမှာဖြစ်ပါတယ်။ ဒီဈေးသစ်ကြီး ရေရှည်တည်တံ့ဖို့အတွက် အောင်မြင်သူအုပ်စု ကုမ္ဂဏီလိမိတက်မှ မီးဘေးအန္တရာယ်ကြီးမားစွာ မဖြစ်စေရန် အလိုအလျောက် မီးငြိမ်းစနစ်ကို ဈေးသူဈေးသားများ ကြိုတင်လေ့လာထားဖို့လိုပါတယ်။ မီးအလိုအလျောက်ငြိမ်းနိုင်ဖို့အတွက် ဈေးရုံမှာ ရှိတဲ့ အမြင့်တင်ရေစင်နဲ့ မြေစိုက်ကန်အတွင်းမှာ ရေလုံလောက်မှု ရှိ၊ မရှိကို အထူးအလေးထားဖို့ လိုအပ်ပါတယ်" ဟု ၎င်းက ဟောပြောခဲ့သည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ် ၃၃ မြို့နယ်အတွင်းမှာ မကြာမီ ကဖွင့်လှစ်ခဲ့တဲ့ ရွှေမင်္ဂလာဈေးအပါအဝင် ဈေးပေါင်း ၁၇၄ ဈေးရှိပါတယ်။ သင်္ကြန်ရုံးပိတ်ရက်အတွင်း သား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ဈေးတွေကို နေ့တစ်ဝက် ဖွင့်လှစ်ပေးထားမှာပါ။ အဝတ်အထည်နဲ့ အခြားကုန်ပစ္စည်းရောင်းတဲ့ ဈေးတွေကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ ပိတ်ထားမှာဖြစ်တယ်။ ဈေးရုံများ မီးဘေးအန္တရာယ်မဖြစ်ရန် ဈေးများဌာနမှ မီးလုံခြုံရေးအတွက် တာဝန်ယူထားတဲ့ တာဝန်မှူးများက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ကြမှာပါ။ မင်္ဂလာဈေးပတ်ဝန်းကျင်အတွက် အရေးပေါ် မီးသတ်ကား တစ်စီးနဲ့ အခြားဈေးများအတွက် မီးသတ်ဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ထားပါတယ်"ဟု ဈေးများ ဌာန တောင်ပိုင်းခရိုင်လက်ထောက်ဌာနမှူး ဦးကျော်မြင့်က ရှင်းပြခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်လက်တွေ့သရုပ်ပြပွဲကိုပြုလုပ်ရာ ရွှေမင်္ဂလာဈေးရှိ ဈေးသူဈေးသားများက လက်တွေ့ မီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ အောင်မြင်သူအုပ်စုကုမ္ဂဏီလိမိတက်မှ လျှုဒါန်းသော အလျှင်ငွေကျပ် ၁၀ သိန်းအား ဒါရိုက်တာဦးကျော်စွာအေးသောင်းက ပေးအပ်လျှုဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယတိုင်းမှူး ဦးဝင်းဝင်းက လက်ခံပြီး ဈေးအတွင်း တပ်ဆင်ထားသော မီးသတ်စနစ်များအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စောသိန်းဝင်း

ကျိုက်မရောမြို့နယ် ကြာအင်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

ကျိုက်မရော ဧပြီ ၂

နိုင်ငံတော်၏ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာအုပ်စု ကြာအင်းကုန်းကျေးရွာ သုခမ္မာကျောင်းတိုက်တွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားအား ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လျှပ်စစ်ဝန်ကြီး ဦးနိုင်လခီအောင်က အဖွင့်အမှာစကားပြောကြား၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာမီးရရှိရေးအတွက် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်ပံ့ပိုး ငွေကျပ် ၂၃၆၉၃၇၀၀ နှင့်ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃၈၄၀၀၀၀၀ ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ထရန်စဖော်မာ ၁၆၀ KVA ဗို့အား ၁၁၀၀၀ ဖြင့် ကြာအင်းကုန်းကျေးရွာ အိမ်ခြေ ၁၂၈ အိမ်အား လျှပ်စစ်မီးဖြန့်ဝေပေးနိုင်ခဲ့သည်။

